မေတ္တံဘာဝေတွာ သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေ ဗြဟ္မလောကသ္မိံ
ယေဝ။ ဝသိံသူတိဝတွာအတီတံအာဟရိအတီတေ ဧကသ္မိံ
ကပ္ပေ ဗောဓိသတ္တောဗြာဟ္မဏကုလေနိဗ္ဗတ္တိတွာ။ဟူ၍ ၎င်း
ဓာတ်နိဂုံး၌လည်း။ ဧဝံဗောဓိသတ္တော။ပ။အပရိဟီနဈာနော။
ဗြဟ္မလောကေနိဗ္ဗတ္တိတွာ သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေနဣမံလော
ကံအာဂမာသိဟုမိန့်လေသည်။စတုကနိပါတ်၌။ကေသဝဓာတ်
သတ္တနိပါတ်၌ဗကဓာတ်တို့ကို။ ဗက ဗြဟ္မာ၏ဖြစ်ခင်ဖြစ်သော
ဓာတ်ဖြစ်သောကြောင့်။ ရှေးကမ္ဘာ၌ဖြစ်သောဓာတ်ဟူ၍မှတ်
လေ။ ။ထိုကြောင့်။သတ္တနိပါတ်ဗကဗြဟ္မာဓာတ်၌။ဟေဋ္ဌု
ပပတ္တိကော ကိရေသဗြဟ္မာ။ ပုဗ္ဗေဈာနံဘာဝေတွာ ဝေဟပ္ဖ
လေသု နိဗ္ဗတ္တော။ တတ္ထပဉ္စ သတကပ္ပပရိမာဏံ အာယုံခေ
ပေတွာသုဘကိဏှေသုနိဗ္ဗတ္တိတွာစတုသဋ္ဌိကပ္ပံခေပေတွာတ

တောရတော အဋ္ဌကပ္ပါယုကောသ။ အာဘာဿရေသ နိဗ္ဗတ္တိ။ တတြာသ သောဒိဋ္ဌိ ဥပ္ပတ္တိ။ သောဟိနေဝ ဥပရိဗြဟ္မလောက တော်ါစုတိံ နတတ္ထဥပပတ္တိံ အနုဿရိ။ တဒုဘယမ္ပိ အပဿန္တော ဧဝံဒိဋ္ဌိံ ဂဏှိ ဟူ၍ဖြင်း။ ။ကပ္ပေါ စ နတပ္ပစ္စယော အဟောသိံ။ သမ္ဗုဒ္ဓဝတ္တံဝတိန်အမည်။ တံတေပုရာဏံဝတသီလဝတ္တံ။ သုတ္တ ပဗုဒ္ဓေါဝအနုဿရာမိတိ၊ ။ပစ္စယောတိအဇ္ဈောဝါသိကော သမ္ဗုဒ္ဓဝတ္တံဝတိန်အမည်ဖြင့်ဗုဒ္ဓိသမ္ဗန္ဓောစေဝဂတသမ္ဗန္ဓော၊ သောဟိတံအညံအမညမာနော။ ဣမိနာကိံ ဒသေတိ၊ မဟာ ဗြဟ္မာအတ္တံတဝကောသဝတာဝသကာလေကပ္ပေါနာမအဇ္ဈော ဝါသိကော။ ဝေယျာဝစ္စကရောဟုတ္တာတ ယံ နာရ ဒေနနာမအာ မစ္စေနဗာရာဏသိယံဟိမဝန္တာအာနိတသာရေဂုပသမေသိ ဟူ၍ဖြင်းမိန့်ဆိုလေသည်။ ။စတုကနိပါတ်၌လည်း။ ကေသ ဝေါဗကဗြဟ္မာ။ ကပ္ပေါ်ပနဘာမေပါတိ။ ဟုဇာတ်ပေါင်းတော် မှာ၏။ ။ဗြဟ္မာသံယုတ်အဋ္ဌကထာ၌လည်း။ ဟော ဗူပပတ္တိကော။ ကိံရေသဗြဟ္မာစသည်ဖြင့်ယခင်စကားအတိုင်းလာ၏။

---

၉၂။ ဒွန္ဒုဝတိပုစ္ဆာ။ ။အထူးတဲ့ ထွေလာ။ လောင်း တော်သာ မဟာတ်သေးပါဘူ။ မြေခွေးဆိတ်ဖြူအိုတို့။ လိုင်လှုလို ဘာသါတတ်သည်ဟုကျမ်းနိပါတ်မှာ။ မကြို တောင်းကိုလှ။ ယုံ ကောင်း သုံချင်ပါ။ ကျမ်းဆရာညီ ထွေး။ မဝေဘန်။ အဋ္ဌကထာ သိကာချန်တဲ့။ ဒိုကာကျန်ဓိပ္ပါယ်ကြွင်းကိုသ။ ထင်လင်းစွါအာဂုံ ဆောင်လို့။ ယုံသါအောင်တဥာဏ်ဆန်းတယ်။ ဂဏ္ဍိသင်ရေး။

၉၂၊ ဒွေနုဝတိဝိသဇ္ဇနာ။ ။အထူးတဲ့ထွေလာ။ လောင်း တော်သာမဟာတ်သေးပေဘူ။ မြေခွေးဆိတ်သမင်တို့။ များစွာ ပင်လှုလိုပြောသည်ဟု။ ကျမ်းဟောပေပါ။ သိန် ကုဋေရှစ်လွန် ကြုံးခါမှ။ မဖြစ်ဘူးဖြစ်ပေါ်သော။ အဇ္ဈတ္တဝေမွှာ။ အစ်နှိုယာ။ လောကတံထွါမှို။ ရံတခါဖြစ်သင့်ကြောင်းကိုလ။ ကျမ်းဟောင်း

ဘောဘ်မဘွင့်ပြီဘု။ မျက်မြင်ကိုရွှေဥာဏ်ချင့်ပါတော့။ ယုံသင့်အောင်တဥာဏ်ဆန်းလိုက်တယ်။ဂဏ္ဍိသဘော။

ဤမြေခွေးဆိတ်သမင်စသည့်တို့လူ့ဘာသာပြောသည်ဟု၊ ကျမ်းနိပါတ်လာသည့်ကား။နှစ်ပေါင်းကုဋေသိန်းသန်းမကလွန်မှ။တရံတခါစ်မဖြစ်ဘူးမြဲဖြစ်သော်၊အစ္စရိယအဗ္ဘုတဓမ္မ၏အစွမ်းအားဖြင့်ဖြစ်သည်။၎စည်မပြတ်ဇာတ်နိပါတ်တိုင်းပြောဆိုသည်မဟုတ်ထိုကြောင့်သုဝဏ္ဏမိဂဇာတ်၌။နမေဒိဋ္ဌပါဝါသုတာဝါဘာသန္တိမာနုသိမိဂိ။တွယ္ဘာဒြေသုဒိဟောဟိ။ဧသောစဝိမဟာမိဂေါ။ဟူ၍ဝင်းမဟာပဒုံသဇာတ်၌လည်း။ နမေသုတံဝါဒိဋ္ဌံဝါ။ ဘာသန္တော မာနုသိံဒိဇော၊ အရိယံ ဗြူဟန္တော၊ ဝက္ကင်္ဂေါ။စဇန္တော မာနုသိံဂိရံဟူ၍ဝင်း။ အစ္စရိယ ဖြစ်ကြောင်းကိုသည်။ ။ဤသို့တရံတခါစ်ဖြစ်ခြင်းသည်လည်း။အစိန္တေယျလောကသဘောအားဖြင့်ဖြစ်သင့်သည်ပင်။ဤသို့ဖြစ်ခြင်းသည်လည်း။ရှေးကသာမဟုတ်ပါ၊ယခုကာလ၌လည်း။ အနော်ပြည်စစ်တကောင်းမြို့နယ်။ မဒိချောင်းအနီးတည်နေ၍၊ မဒိချောင်းဟုခေါ်တွင်သောရွာ၌။ကျီးကန်းလူ့ဘာသာစကားပြောသည်ကို။ ကိုယ်တိုင်ဆတ်ဆတ် ကြားခဲ့မြင်ခဲ့တွေ့ခဲ့ကြောင်းကို။ ရခိုင်ပြည်သားလင်္ကာပေသလင်္ကာကာမဖြစ်သေး။ဇာဂရအမည်ရှိသောရဟန်းတပါးပြော၍ကြားသိရသည်။ဤသို့မျက်မြင်ကိုဥာဏ်ဆင်ခြင်ထောက်ချင့်၍။ယုံသင့်လှပေတော့သည်အဆွေ။

---

၉၃။ တေနဝတိပုဏ္ဏာ။ ။မိုးစဲးဝလာတိမ်ညွှန်။ ထိန်ကွန့်တဲ့လျှပ်ခြည်။ရာဟုလေဝရဏ်တို့။ရွှေပဇ္ဇုန်ဇဇ္ဇနဲ့မြူး။ ကြူးတဲ့နတ်စည်။ ဘယ်ယူဇနာကွာအလှမ်းငယ်က။ ထင်စမ်းသိမဟာကြည်။ တရည်တော်မူစမ်း။ မျိုးလေးဖြာ။ နောက်သားနောင်စဉ်လာတို့။ တသညာလက်ကသုံးငယ်။ထုံးပြုဘို့ကျမ်း။

၉၃။ တေဝုတိဝိသဇ္ဇနာ။ ။မိုးစဲးဝလာတိမ်ညွှန်။ ကာ

အခွန့်သုံးယူဇနာ။ဖြာဘွန့်တဲ့လျှပ်ရောင်ဝ၊မှာ။ငါးယူဇနာကွာ
ဝေး။ လေချာဟုရှိရှုံ့ပြာ။ ယူဇနာခြားရင်ကအေး။ ရွှေပဏ္ဍုနှ်ရင့်
ကြွေး။သံလေးနှက်ကြွက်စီ။ မာန်သွေးလျက်မြည်ဟီ။ နတ်ဘေ
ရီရိုက်ကြူး။ ဆယ်ရပ်မှုဒိသာကို၊ နှစ်ယူဇနာခန့်လေ့ကွန့်မြူး။
တာရည်ရာသည်အထူးကိုလ၊ ယုံဘူးလားဆွေမဟာ။ ကျမ်း
ဆတ်ဆတ်လာ။ထုံးပြုလောက်ပါငဲ့။နောင်သာနောက်မျိုးလေး
ဖြာငယ်။တသညာသုံးရန်ဘို့လေး။

ဂဇ္ဇိတါတောနာမကိတ္တကံဒွါနံဝါယတီတိ။ ယောဇနမတ္တံ
အယျာတိ။ပ။မေဃသီသံနာမကိတ္တကေဒွါနေပညာယတီတိ။
တိယောဇနမတ္တေအယျာတိ။ဝိဇ္ဇုလတာနာမကိတ္တကေဒွါနေ
ပညာယတီတိ။စတုပဉ္စယောဇနမတ္တေအယျာတိမေဃသဒ္ဒေါ
နာမကိတ္တကံဒွါနံသုယျတီတိ။ ဧကဒွိယောဇနမတ္တေအယျာ
တိ။ဧကနိပါတ်အပဏ္ဏကဇာတ်အဋ္ဌကထာ။

---

၃၄။ စတုနဝုတိပုစ္ဆာ။ ။ဗိုလ်တထောင်ကွေးညွှတ်။
လေးတမွတ်သံဘိုင်။ လွှတ်စံပြိုင်မာကျန်း၊ ပစ်ချိုငယ်နှံ့။ အ
ထက်ကယ်ဘီလာပျံလို့။ ဘယ်အပျံသာလို့ကွန့်မယ်။ ထုံးတာ
ခွန့်စမ်း။

၃၅။ စတုနဝုတိဝိသဇ္ဇနာ။ ။ဗိုလ်တထောင်ကွေးညွှတ်။
လေးတမွတ်သံဘိုင်။လွှတ်စံပြိုင်မာကျန်း။ ပစ်ချိုငယ်နှံ့။ဘီလာ
ပျံနှစ်ဂါဝုတ်သာ။ရှဲဥ ယဘထက်ကိုတို့လို့။ ဘီလာပျံသာ
လွန်မိုးတယ်။ထုံး၏တသမ်း။

ပနာဒေါနာမသောရာဇာ။ယသသယူပေါသုဝဏ္ဏမယော။တိရိ
ယံသောဠသုဗ္ဗေဓေါ။ဥဒ္ဓမာဟုသဟဿဓါ။ ။တိကနိပါတ်
မဟာပနာဒဇာတ်။ ။တဿယူပေါတိပါသာဒေါတိရိယံသော
ဠသုဗ္ဗေဓေါတိ ဝိတ္ထာရေနတာသောဠသ ကဏ္ဍာ ပါတဝိတ္ထာ
ရောအဟောသိ။ဥဒ္ဓမာဟုသဟဿဓါတိဥဗ္ဗေဓေနသဟဿ
ကဏ္ဍဂမနမတ္တံဥဗ္ဗေဓောအဟု၊သဟဿကဏ္ဍဂမနဂဏနာယ

ပဥ္စဝီသတိယောဇနပမာဏံ ဟောတိ။ ဝိတ္ထာရေပနသာအဖွ ယောဇနမတ္တာ။ ငင်းအဖွကထာ။ ။ဤသို့လာသောပါဠိအဖွ ကထာတို့နှင့်အညီ။ ဘီလာအားဖြင့်မြားတဆယ့်ခြောက် ပစ် သည်။ ရှစ်ယူဇနာရှိသောကြောင့်။ မြားတပစ်လျှင်နှစ်ဂါဝုတ် သွားသည်အထက်သို့ကား။ မြားအပစ်တထောင်မှ။ နှစ်ဆယ့် ငါးယူဇနာသာရှိသောကြောင့်။ မြားတပစ်သည်။ ရှစ်ဥသဘ သာ အထက်သို့တက်နိုင်သည်။ ထိုကြောင့် ဘီလာပျံသာ၍ ပြေးသည်ဟုမှတ်။

---

၉၅။ ပဥ္စနဝုတိပုစ္ဆာ။ ။ဆယ့်နှစ်နှစ်ခါကျူးမှ။ သာထူး လို့အောင်မြင်။ ဗိုလ်ထောင်တင်သည့်လေး။ ပစ်လွှတ်ခါ။ စက် မြားငယ်ဝဖြာတို့။ ဘယ်နှစ် တာတိုင်လို့ ပေါက်အောင်။ မြှုး ထက်အောက်ပြေး။

၉၅။ ပဥ္စနဝုတိဝိသဇ္ဇနာ။ ။ဆယ့်နှစ်နှစ်ခါကျူးမှ။ သာ ထူးလို့အောင်မြင်။ ဗိုလ်ထောင်တင်ရွှေလေး။ ပစ်လွှတ်ခါ။ စက် မြားငယ်ဝဖြာတို့။ ရှစ်ဥသဘာထက်ကိုတက်လို့။ တာနှစ်ဆယ် အောက်ကိုသက်တယ်။ မြှုးကွန့်လျက်ပြေး။

ဒဠှဓမ္မောတိ ဒဠှဓနု။ ဥတ္တမပမာဏေန ဓနုနာ သမန္နာဂတော ဓနုဂ္ဂဟောတိ ဓနုအာစရိယော။ သိက္ခိတောတိ ဒွါဒသဝဿာနိ ဓနုသိပ္ပံ သိက္ခိတော။ ဟူသော စတုက္ကအင်္ဂုတ္တရအဖွကထာ။ ။ ဒဠှဓမ္မာဓနုဂ္ဂဟာတိ ဒဠှဓနုနော ဏ္ဍသာသာ။ ဒဠှဓနုနာမ ဒွိသ ဟဿပါမံ ဝုစ္စတိ။ ဒွိသဟဿပါမံနာမ တဿ အာရောပိ တဿ ဇိယာ ဗန္ဓော လောဟသီသာဒီနံ ဘာရော ဒဏ္ဍေ ဂဟေတွာ ယာဝကဏ္ဍပမာဏာ ဥက္ခိတ္တဿ ပထဝိတော မုစ္စတိ။ သိက္ခိတာတိ ဒသဒွါဒသ ဝဿာနိ အာစရိယကုလေ ဥဂ္ဂဟိတ သိပ္ပါ။ ။ဟူသော နိဒါနသံယုတ် အဖွကထာတို့ဖြင့်။ ဗိုလ် ထောင်တင်လေး၏။ ဆယ့်နှစ်နှစ်ခါကျူးမှ။ သာထူးလို့အောင် မြင်ကြောင်းကို သိရာ၏။ ။အထက်သို့ရှစ်ဥသဘာ တက်

ကြောင်း။ အောက်သို့တာနှစ်ဆယ်သက်ကြောင်းကို။ယခင်ဆို ခဲ့ပြီးသောမဟာပနာဒဇာတ်ဖြင့်၎င်း။မဟာသတ္တောဝါလိကာသ ကနုံပိပလာလ သကဍုံဗိဝိနိဝိဗ္ဗိတွာ ဥဒကေကဋ္ဋေသာဘာပမာ ဏံကထ္လာံ ပေသေသိ။ထလေအဋ္ဌဥသဘပမာဏံ။ ဟူသောဗုဒ္ဓ ဝင်အဋ္ဌကထာ။ ဇိနာလင်္ကာရဋီကာပါဌ်တို့နှင့်၎င်းမှတ်အပ် ၏။ ။သတ္တဟာစ္စောဒ္ဒသမတောဒဓော္လာ။ ဒဓော္လာဝိသတိဥသဘံ။ ဟူရကား။တဥသဘတာနှစ်ဆယ်တည်း။ သရဘင်္ဂဇာတ်အဋ္ဌ ကထာ၌ကား။ ။ဥဒကေစတုဥသဘံ။ထလေအဋ္ဌဥသဘဌာန် ကဏ္ဍံပေသေသိ။ဟူပါဌ်ရှိ၏။

---

၄၆။ ဆန္ဒရတိပုဏ္ဏာ။ ။ဝိပဿနာဥာဏ်ဆယ်ဆတို့။ ဗျာပါရဖြစ်မတူ။ ဘယ်မျှပုံခြား။ လက္ခဏာ။ သုံးပါးငယ်ယဉ် သာမှ။မယှဉ်ပါအာရုံလွဲ။ကွဲကြလိုလား။

၄၆။ ဆန္ဒရတိဝိသဇ္ဇနာ။ ။ဝိပဿနာဥာဏ်ဆယ်ဆ ငယ်တို့။ဗျာပါရဖြစ်မတူ။သဉ်မှုလိုပုံကွဲ။လက္ခဏာ။သုံးပါးငယ် ယဉ်သာတို့။ယှဉ်ပါသော်ရှုပုံပြား။ခြားကြလိုဘဲ။

ဝိပဿနာဥာဏ်တို့သည်။လက္ခဏာတ္တယသမ္မသနကိစ္စအား ဖြင့်။ လက္ခဏာသည်သုံးပါးနှင့်ယှဉ်ကြသည်ချည်း။ သို့ပင်ယှဉ် သော်လည်း။ရှုဆင်ခြင်ပုံကွဲကြသောကြောင့်။ဗျာပါရမတူဖြစ် သည်။ ။တံဟိပုရိမာနံအနုဦဝိပဿနာဉာဏာနံတထကိစ္စတာ ယအနုလောမတိ။ ။ဝိသုဒ္ဓိမဂ်။ ။သဗ္ဗာပိဝိပဿနာလက္ခ ဏတ္တယသမ္မသနကိစ္စာဝ။ ဉာဏံ တဒေဝါတိ ရတ္တံတာဘက်နွ တာယာတိ။ ။ရင်းဋီကာ။ဝိပဿနာဥာဏ်ဆယ်ပါးတို့တွင်။ သမ္မသနဥာဏ်သည်။ ကာလသုံးပါး၌ဖြစ်သောသင်္ခါရတရား တို့ကို။ ကလာပ်အားဖြင့်၎င်း။အဒ္ဓါနဒအားဖြင့်၎င်း။အနိစ္စဒုက္ခအ နတ္တဟူ၍သုံးသပ်ခြင်းမှုသာဖြစ်သည်။ဥဒယဗ္ဗယဥာဏ်သည်။ ပစ္စုပ္ပန်ခန္ဓာတို့၌ ပဝတ္တယတော ဥဒယဗ္ဗယကို၎င်း။ နိဗ္ဗတ္တိလက္ခ

ဏာဟုဆိုအပ်သောဥဒယကို၎င်း။ ဝိပရိဏာမလက္ခဏာဟုဆို အပ်သောဝယကို၎င်း။ ရှုခြင်းမှုဖြစ်သည်။ ဤသို့စသောနည်း ဖြင့်။ ခန္ဓာနံ။ ဥဒယဗ္ဗ ဝယဗ္ဗဇာနနကံဥဒယဗ္ဗယဉာဏံ။ ဥဒ ယံဝုဋ္ဌိတွာဘင်္ဂမတ္တာနုပေက္ခကံဘင်္ဂဉာဏံ။ ဘင်္ဂဝသေနဥပဋ္ဌိ တာနံသီဟာဒီနံဝိယ ဘာယိတဗ္ဗာကာရေ နုပေက္ခကံဘယဉာ ဏံ။ တတောနုပေက္ခိတာနံအာဒိတ္တဃရဿဝိယအာဒီနဝါကာ ရေနုပေက္ခကံအာဒီနဝ ဉာဏံ။ ဒိဋ္ဌာဒီနဝေသုနိဗ္ဗိန္ဒနဝသေနပ ဝတ္တံနိဗ္ဗိဒါဉာဏံ။ ဇာလာဒီတောမစ္ဆာဒိဝိယတေဟိတေဘူမိ ကဓမ္မေဟိမုဉ္စိတုကာမတာဝသေန ပဝတ္တံမုဉ္စိတုကမျတာဉာ ဏံ။ မုဉ္စနုပါယသမ္ပာဒနတ္ထံ ဒိဋ္ဌာဒီနဝေသုပိသမုဒ္ဒသကုဏိ ယပုနပ္ပုနံသမ္မသနဝသေပဝတ္တံပဋိသင်္ခါနုပဿနာဉာဏံ။ စတ္တ ဘရိယောဝိယပုရိသောဒိဋ္ဌာဒီနဝေသုပိတေသုသင်္ခါရေသုဥ ပေက္ခနာကာရေပဝတ္တံသင်္ခါရုပေက္ခာဉာဏံ။ အနိစ္စာဒိလက္ခဏာ ဝိပဿနာတာယဟေဋ္ဌာပဝတ္တာနံအဋ္ဌန္နံဝိပဿနာဉာဏာနံဥဒ္ဓံ မဂ္ဂက္ခဏေအဓိဂန္တဗ္ဗာနံသတ္တတိံသဗောဓိပက္ခိယဓမ္မာနဉ္စအနု လောမတော မဂ္ဂဝီထိယံဂေါတြဘုတောပုဗ္ဗေပဝတ္တံသစ္စာနု လောမိကဉာဏသင်္ခါတံ နဝမံအနုလောမဉာဏန္တိ။ ။ဟူ သောဋီကာကျော်ပါဌ်ဖြင့်။ ရှုဆင်ခြင်ပုံကွဲလွဲသွားခြားနားချက်ကို မှတ်ရာ၏။ ။ဤဋီကာ၌။ အဋ္ဌန္နံဝိပဿနာဉာဏာနံဟူသည် ကား။ ဉာဏဒဿနဝိသုဒ္ဓိ၏ပဋိပဒါဖြစ်သောဉာဏ်တို့ကိုသာ ရည်၍ဆိုသည်။

---

၉၇။ သတ္တနဝုတိပုစ္ဆာ။ ။နှစ်သန်းနှင့်လေးသိန်း။ တွက် ကိန်းတဲ့ကုဋေ။ နေ့တိုင်းမှန်အစဉ်ပ။ မြတ်ရှင်ပင်သမာပတ်။ မြဲ မှတ်ဝင်ပေ။ ဘဲ့နှယ်ပုံဘယ်အခြင်းငယ်လို့။ သစ်လင်းပဉာဏ်မ ဟာ၊ စိန်တွေ့တဲ့ခက်သွား။ သုတ်သုံးတန်။ အဋ္ဌကထာဋီကာလှန် လို့။ ရွှေဂဏ္ဌိနိဗ္ဗာမြောက်အောင်။ သမ်းပေါက်တဲ့ဗျား။

၉၇။ သတ္တနဝုတိဝိသဇ္ဇနာ။ ။နှစ်သန်းနှင့် လေးသိန်း။

ကိန်းကောဋိသချာ။နေ့တိုင်းမှန်အစဉ်ပ။ မြတ်ရှင်ပင်သမာပတ်
မြဲမှတ်ဝင်ပါ။ကရုဏာဖိုလ်ဖသငယ်နှင့်။ဒွါဒသမြတ်သမာ။ကေ
စိဝါနှစ်ပါး။ပဒိုဋ္ဌေ။သရုပ္ပါဒေဂ်၌။သိန်းကုဋေရှိနှဲဆန့်လို့။နေ့စဉ်
မှန်သမာပတ်ကို။အပရေဆရာမြတ်ကယ်က။နည်းမှတ်တဖြား။

စတုဝီသတိ။ပ။ဝဇိရာဉာဏာနိ ဧတ္ထ ကောဋိတာဝဒေသာ ဟု။ ဘ
ဂဝါ ဒေဝသိကံ ဒွါဒသ ကောဋိသတ သဟဿက္ခတ္တုံ မဟာ
ကရုဏာ သမာ ပတ္တိံ သမာ ပဇ္ဇတိ။ ဒွါဒသ ကောဋိ သတသ
ဟဿက္ခတ္တုံမေဝစအရဟတ္တဖလသမာပတ္တိံသမာပဇ္ဇတိ။တာ
သံပုရေစရံသဟစရဉ္စဉာဏံပဋိပက္ခေဟိအဘေဇ္ဇတိမဟတ္တဉ္စ
ဥပါဒါယမဟာဝဇိရဉာဏံနာမ။ဝုတ္တံဟေတံဘဂဝတာတထာ
ဂတံဘိက္ခဝေအရဟန္တံ သမ္မာသမ္ဗုဒ္ဓံ ဒွေဝိတက္ကာဗဟုလံသမု
ဒါစရန္တိခေမောစဝိတက္ကောပဝိဝေကောစဝိတက္ကောတိ။ခေမ
ဝိတက္ကောဟိ။ဘဂဝတောမဟာကရုဏာသမာပတ္တိံပူရေတွာ
ဋ္ဌိတော။ပဝိဝေကဝိတက္ကောအရဟတ္တဖလသမာပတ္တိံ။ ဗုဒ္ဓါနံ
ဟိဘဝင်္ဂပရိဝါသောလဟုကော။ မတ္တကပ္ပတ္တောစ သမာပတ္တိ
သုဝသီဘာဝေါ။တသ္မာသမာပဇ္ဇနံ ဝုဋ္ဌာနံကတိပယစိတ္တက္ခ
ဏောဟောတိဗုဒ္ဓါနန္တိ။ ။ဤကား။ ကေစိဝါဒတရပ်။ ။

ရူပါဝစရ သမာပတ္တိယော စတဿော အရူပ သမာပတ္တိ
ယော။ အပ္ပမညာသမာပတ္တိယော သဒ္ဓိံ ဒသနိရောဓသမာပတ္တိ
အရဟတ္တဖလသမာပတ္တိစာတိဒွါဒသသမာပတ္တိယော။ဘဂဝါ
ပစ္စေကံ ဒိဝသေဒိဝသေကောဋိ သတသဟဿက္ခတ္တုံ ပုရေ
ဘတ္တံသမာပဇ္ဇတိ။တထာပစ္ဆာဘတ္တာဒီ။ဧဝံသဗ္ဗာပဇ္ဇိတဗ္ဗသမာ
ပတ္တိသံစာရိတဉာဏံမဟာဝဇိရဉာဏံနာမာတိကေစိ။ ။ဤ
ကားကေစိဝါဒတရပ်။ဤနှစ်ရပ်တို့ကိုရည်၍။ကရုဏာဖိုလ်ဖလ
ငယ်နှင့်။ဒွါဒသမြတ်သမာ။ကေစိဝါနှစ်ပါး။ဟူသည်။ ။အပ
ရေ ပနယံတံဘဂဝတော အဘိသမ္ဗောဓိဒိဝသေ။ ပစ္ဆိမယာမေ
ပဋိစ္စသမုပ္ပါဒမုခေန ပဋိလောမနယေန ဇရာမရဏာဒိတော ပဋ္ဌာ
ယဉာဏံ ဩတာရေတွာ အနုဒ ဓမ္မဝိ သသန်အာရဗ္ဘနယ

ထာနာ မပုရိသောသုပိဒုဂ္ဂိမဟာဂဟဏံမဟာဝနံသိန္ဓုဿောအန္တ
ရဋ္ဌာရာနိသာနုသိလာယံ ဖရသုံသုနိသိတံကရောတိ။ ဧဝမေဝနိ
သာနုသိလာ သဒ္ဒိသိယောသမာပတ္တိယော အန္တရဋ္ဌရာသမာ
ပတ္တိတွာဉာဏသတ္တံ တိက္ခ ဝိသဒသူရဘာဝံ။ သမ္ပာဒေတုံအနု
လောမပရိလောမတော။ ပစ္စွေက္ခံပဋိစ္စသမုပ္ပါဒံ ဝသေနသမ္မ
သန္တောဒိဝသေဒိဝသေလက္ခကောဋိ လက္ခကောဋိ။ ဖလသမာ
ပတ္တိယောသမာပဇ္ဇတိ။တံသန္ဓာယဝုတ္တံ။စတုဝိသတိ။ပ။ မဟာ
ဝဇိရဉာဏံနိဿာယာတိ။ ။ဤကားအပရေဝါဒ။ဤကိုရည်
၍။ပဋိစ္စသောစကားကိုဆိုသည်။ ။သုတ်ပါထေယျသံပ
သာဒနသုတ်ဋီကာ။သံယုတ်ဋီကာ။ ဤတွင်သံယုတ်ဋီကာ၌။
စတုဝိသတိ ကောဋိသတ သဟဿသဒ္ဒါ သမာပတ္တိယောပ
ဝိသေတွာ ဟူသောပုဒ် ကိုဖွင့်၏။ နိဂုမ်း၌လည်း၊ တံသန္ဓာယ
ဝုတ္တံ စတုဝိသတိ။ပ။ပဝိသေတွာတိ။ဟုဆို၏။ ။ဤဋီကာတို့၌
ခတ္တုံသဒ္ဒါစသည်တို့ဖြင့်ဆိုသောကြောင့်။ ကုဋေနှစ်သန်းလေး
သိန်းအရေအတွက်အကြိမ်ရေအောင် ဝင်စားတော်မူသည်ဟု
မှတ်ရမည်။

---

၄၈။ အမ္ဗနဂုတိဂုဏ္ဌာ။ ။ခြောက်သိန်းနှင့်သုံးသန်း။ကိန်း
ဂဏာန်းကုဋေ။ ဉာဏ်စက်ရှိန် ဝဇီရာလို။ ဝိပဿနာမြတ်စာရ။
ကျမ်းပြအနေ။သည်နည်းနာ ရွှေနယကိုလ။ ခွဲဝေပမဟာဆွေ။
ကမ္ဘာပဝမဆုံး။ ဥဒါန်းငယ်စီ။ မှော်ကွန်းအစဉ်မှိုလို့။ ကပ္ပဒြိတ
ဂုဏ်ပွင့်ပါလိမ့်။ရိယ်းယှန်မင်းထုံး။

၄၈။ အမ္ဗနဂုတိဝိသဇ္ဇနာ။ ။လောကဓါတ်တသောင်း
မှာ။ခိုအောင်တဲ့သတ္တဝါ။သန္တာနဗဒ္ဓါငယ်။အဗဒ္ဓါနှစ်ပါး။သင်္ခါ
ရာသည်တရားကိုလ။မှတ်သားဘွယ်အနေ။သမ္မသနာမြတ်စာရ
ငယ်လို့ကျမ်းဂန်ပြမြဲမှန်လှပေ။ရုပ်နှင့်နာမ်သည်နှစ်ပါးကိုပ။ပိုင်း
ခြားလို့ခွဲဝေ။နည်းထွေထွေကြီးသ။အနေကာဝေါကာရငယ်နှင့်
ဟောပြသည့်ခြင်းရာ။သက္ခဏာယာဉ်သုံးပါး။တင်ထားလို့ရှုဆင်

ခြင်သည်သာ။ သုံးသန်း ခြောက်သိန်းသချောမှာ။ ကိန်းစဉ်လာ
ကုန်ငှလို့၊ အနုပဒမကျန်ကုန်စင်။ သုံးသပ်သည့်ပင်။ ညွှန်းလိုက်
ကဲ့မိတ်ဆွေခင်ငယ်။ မဟာဝင်နှောင်ထွန်းစေတို့လေး။

သမ္မသနာစာ ရောစနာမဂ္ဂ ဝိပဿနာ ဘူမိဝေဒိတဗ္ဗာ။
သမ္မသနံစရတိဧတ္ထာတိသမ္မသနစာရောတိကတွာ။တဂ္ဂဗုဒ္ဓါ
နံသမ္မသနစာရောတိကတွာ။ ဒသသဟဿလောကဓာတုယံ
သတ္တသင်္ခါနဂတာ။ အနိန္ဒြိယဗဒ္ဓါစသင်္ခါရာတိဝဒန္တိ။ ကောဒို
သတသဟဿစက္ကဝါဠေသုဘိအပရေ။ ။ဟုမဟာဝါဠေတရ
သကဏ်ဒိကါမိန့်အပ်သည့်နှင့်အညီ၊လောကဓါတ်တသောင်း
၌ရှိသောသတ္တသင်္ခါနဂတဖြစ်သော။ နာမ်ရုပ်အနိန္ဒြိယဗဒ္ဓရုပ်
ဟူသမျှသည်။ မြတ်စွာဘုရား၏သမ္မသနစာရမည်၏။ ထိုသမ္မ
သနစာရ၌။ရုပ်နာမ်တရားတို့ကိုပိုင်းခြား၍၊ အနုပဒဓမ္မဝိပဿ
နာ၏အစွမ်းအားဖြင့်အကြွင်းမဲ့ သင်္ခါရတရားတို့၌ ကုဋေသုံး
သန်းခြောက်သိန်း အရေအတွက် ဓေ့အောင်သုံးသပ်တော်မူ
သော ဝိပဿနာဉာဏ်တော်သည်။ မဟာဝဇိရ ဉာဏ်တော်
မည်၏။ထိုကြောင့်ထေရဂါထာဋ္ဌကထာ၌။ ။ယထါဝဝတ္ထပိတေ
နာမရူပေတိလက္ခဏံ အာရောပေတွာအနုပဒဓမ္မဝိပဿနာဝ
သေနအနေကာကာရဝေါကာရသင်္ခါရေ သမ္မသန္တော ဆတ္တိံ
သကောဋိသတ သဟဿမုခေန သမ္မသနစာရံ ဝိတ္ထာရေတွာ
တတ္ထမဟာဝဇိရဉာဏသင်္ခါတေ ဝိပဿနာဉာဏေ တိက္ခေ
သူရေ ပသန္နေ ဝုဋ္ဌာနဂါမိနိဘာဝေန၊ ပဝတ္တမာနေ ယဒါတံ
မဂ္ဂေန ဃဋေတိ။ ။ဟုမိန့်တော်မူသည်။ ။တေရသကဏ်
ဒိကာ၌ကား။ယခင်သမ္မသနစာရတို့တွင်။အဇ္ဈတ္တနိယအစွမ်းအား
ဖြင့်၊ ပဋိစ္စသမုပ္ပါဒ်နည်းသို့သက်၍၊ ကုဋေသုံးသန်းခြောက်သိန်း
အရေအတွက်အားဖြင့်ဖြစ်သည်ဟူ၏။ ။တတ္ထဟိအဇ္ဈတ္တနိယ
ဝသေနပဋိစ္စ သမုပ္ပါဒနယံဩတရိတွာ ဆတ္တိံသကောဋိသတ
သဟဿမုခေနဗုဒ္ဓါနံမဟာဝဇိရဉာဏံပဝတ္တံ။ ။တေရသ
ကဏ်ဒိကာ။

၉၉။ ကျေနသဘာပုစ္ဆာ။ ။မီးချန်စ်ခွေရေတလှဲငယ်နှင့်။ ကြိမ်ခြောက်ဆဲ့လေးပြန်။ ချိန်မြောက်တဲ့ရေမှန်။ လေဟုန်ကာ ဖျက်ခဲ့။ သုံးသိဝန်ယုဂန်ကို။ မှုအမှန်ကျမ်းကဝေခွဲ။ ကမ္ဘာပျက် သည့်ပုံ။ လည့်တုံတုံဘန်လဲ။ တည်မဘုန်ညံ့မစဲငယ်နှင့်။ ပေါ် မြဲ တဲ့ပေါ်သာ။ သို့အရာကမ္ဘာသုံးကိုလ။ ဉာဏ်နှလုံးကျွေပါတော့ သည့်ဆရာ။ ဤဘဒ္ဒကိုကမ္ဘာမှာ။ မီးစကြာဘယ်ချိန်ရေပါလို့။ ဘယ်ကြိမ်မြေဖျက်သည့်အနေ။ ညွှန်းပဘုန်းဝေ။ စမ်းမခန်းပေ တဲ့။ ရွှေကျမ်းနှံ့မဟာဆွေငယ်။ ကမ္ဘာကြေမေကွန်းပလေး။

၉၉။ ကျေနသတဝိသဇ္ဇနာ။ ။မီးချန်စ်ခွေရေတလွှဲငယ် နှင့်။ ကြိမ်ခြောက်ဆဲ့သေးပြန်။ ချိန်မြဲတဲ့ရေမှန်။ လေဟုန်ကာ ဖျက်သွား။ သုံးသိဝန်ယုဂန်ကို။ မှုအမှန်ကျမ်းကဝေခြား။ ကမ္ဘာ ပျက်သည့်ပုံကို။ ကျမ်းဖုံဖုံထင်ရှားလို့။ ယုံမှားမဲ့သည့်အရာ။ သ ဘောကျရှာ။ မီးရေတဲ့ကြိမ်အခါကို။ ကျမ်းစောခထင်ရှား သောကြောင့်။ ယုံမှားတဲ့ရှင်သနွှေဟာ။ ကင်းစိမ့်သချာ။ ဤ ဘဒ္ဒကိုကမ္ဘာမှာ။ ရှေဦး ဖွားမီးရေလွှဲဟာဖြင့်။ အကြွင်းမဲ့ကျန် လေပါ။ ပြီးပေသက်လျှာ။ ဒုတိယကြိမ်ဝါရာမှာ။ မီးဘခါပြီးပြန် ပေသေး။

ယခုတည်သောဘဒ္ဒကပ်ကမ္ဘာသည်။ ပဌမ မီးချန်ကြိမ် နောက်ရေဖျက်၍ ဒုတိယချန်စ်ကြိမ်တွင်။ ပဌမမီးဖျက်၍ဘည် သောကမ္ဘာဟူ၍ မဟာချဋီကာဝင်တွင်ဆို၏။ ဤရာဇဝင်မှတပါး။ ပိဋကတ်သုံးပုံပါဠိ အဋ္ဌကထာဋီကာဂဏ္ဌိရတို့၌။ အသေအ ချာအဆိုမရှိ။ အနာဂတဝင်၌ကား။ ယခုကမ္ဘာနောင်မီးဖျက်လ တံ့ဟူ၍ဤမျှသာဆို၏။ ။မေတ္တေယျသ္မိံဘဂဝတိပရိနိဗ္ဗုတေ တသ္မိံသာသနေပိ ပရိဟာယိတေ အယံဘဒ္ဒကပ္ပေါပရိဟာ ယိဿတိ။ တဒါဟိကပ္ပုဋ္ဌာနဂ္ဂိမှိဒဿမာနေ ဇဟုသတ္တနိကာ ယာမဟာဗြဟ္မာပါပုဏိဿန္တိ။ ။အနာဂတဝင်။

၁၀၀။ သဘပုစ္ဆာ။ ။ခုနစ်ဝါချိန်ဘျူလို။ဝတိန်ကသက်
တော်မူ။မာဃယိန္ဒဝတြဘူ။ ညွတ်ကြည်ဖြူဘန်ဆင်း။ သက်သာ
နှင့်သုဒဿနပူရီဆို။ ရွှေမြင့်မိုရ်ဦးနှင့်ထုတ်ချင်း။ ရှုမခန်းပုံနှော့
သို့၊ရုံသရေ့ပရမေ။မြရွှေငွေလျှံဝင်း၊ကျမ်းနှစ်ဆောင်နောင်ခါ
ပြင်းစေဘို့။သူခင်းတဘ်ပလေရှာ။ရန်တိုက်ခယ်တဥာဏ်ဆင်
ထင့်။ သူဇော့လင်မောင်သိကြားဟာက။ မြသမ်းသွယ်အလယ်
ထား။နှံပါးကရွှေနှင့်ငွေပါ။ရွှေလက်ဝဲတဲ့ရွှေလကျ်ာ။ငွေလက်ဝဲ
တဲ့ငွေလကျ်ာ။နောက်ခမ္ဘပဒ။ အဋ္ဌကထာဝိသုဒ္ဓိတို့။ သူသာသိ
လိုင်ါသည်မြင်သလို။ပြင်းကြသက်။ မှန်တရားစေကွဲ။ နှစ်ပါးဆို
ကို။ဖြေအလိုဘန်တီးပလေး။ ။ရန်ခပွားစေနှင့်။သိကြားအိုရ်သို။
ရွှေဗာ်ုရ်ဥာဏ်ကြီးဖျလေး။

၁၁၀။ သတဒိသဇ္ဈာနာ။ ။ခုနစ်ဝါချိန်ကျသို့။ ဝတိန်က
သက်တော်မူ။ခဟိန္ဒဝတြဘူ။ညွတ်ကြည်ဖြူဘန်ဆင်း။ မစွန့်ရာ
ဌာနရှိသက်သပြည်နဂိုရ်။ရွှေမြင့်မိုရ်ဦးနှင့်ထုဘ်ချင်း။ရှုခကုန်
ဂုဏ်ကြွေ့။ဗုံသရေ့ရမေ။ပုံဖြကတော့ဘန်ထွ။မြရွှေငွေလျှံ
ဝင်း။ နဘဲ ဖြဟ္မာ ကိုယ်တော်ဆင်းရုံ့ဘို့ သူခင်းတဲ့စောင်း
တန်းသုံးမြွာ။ မြသမ်းသွယ်အသယ်ထား။နှံပါးကရွှေနှင့်ငွေပါ။
ရွှေသက်ဝဲတဲ့ရွှေလကျ်ာ။ငွေလက်ဝဲတဲ့ငွေလကျ်ာ။ ကျမ်းပြုဘ
ရာတယောက်ထဲသာ။ အဆိုကွဲတဲ့သည့်လိုအရေး။ များသှ်ကုန်ပါ။
ထိုသိုဘာဏကလမ်းညွှန်ခုကို။ မသွန်သာဖွင့်မြဲတဲ့လေး။ ။
ဆိုဆိုမှာသမ္ဘကျွမ်းဂန်သာကို။ဆန်းမခါကျင့်ဖွဲ့ကွဲလေ။

အထတဘာဂဘာသပရိနိဗ္ဗာနတောသတ္တသုသာရကိဋ္ဌနဒ
ဝသေသုသဘ္ဘသုစဓာတုပုဇာဒိသေသုဝိဘာဂေတ္တသုအဖုခ
သောအဘိဏ္ဏခြော။ ဉာဒါနိဂ်မှာဒိသဇောမာလောသေသော
ဥပကဍ္ဍာ ဝဿုနာယိ ဘာတိမဇ္ဈာ။ ။ပါရာဇိကဏ် အဋ္ဌ
ကထာ။ ။ဘဂဝါဟိဝိသာခပုဏ္ဏမာယံပစ္စူသသမယေပရိနိဗ္ဗု
တော။ အထဿသဘ္ဘာဟံသုဝဏ္ဏာဝဏ္ဏသရီရံ ဂန္ဓမာလာဒိဟိ
ပူဇယိံသု၊ ဧဝံသဘ္ဘာဟံသာရကိဋ္ဌနဒိသာနာအဟေသုံတ

တောသတ္တာဟံစိတကာယအဂ္ဂိနာဈာယိ။ သတ္တာဟံသတ္တိပဉ္ဇ
ရံကတွာ သန္ထာ ဂါရသာလာယံ ဓာတုပူဇံကရိံသူတိ ဧကဝီ
သတိဒိသာဂတာ။ ပ။ အာဝုသောဇ္ဇာဒိနိတုမှာကံစတ္တာလီသ
ဒိဝသာ ဩကာသော ကတောတိ။ ။သီလက္ခန် အဋ္ဌက
ထာ။ ။အဆိုက်ခွဲပုံတရပ်။ ။မဟာကဿပထေရောရာ
ဇဂဟံအာဝုသော ဂစ္ဆာမာတိ ဥပဍ္ဎံဘိက္ခုသံဃံဂဟေတွာဧ
ကံမဂ္ဂံဂတော။ ။ပါရာဇိကဏ်အဋ္ဌကထာ။ ။ဝေဠုပန
ဝတွာထေရော အတ္တနောပဉ္စသတာယပရိသာယပရိဝုတော
ရာဇဂဟံဂတော။ အနုရုဒ္ဓမဟာထေရောအတ္တနော အတ္တနော
ပရိဝါရံဂဟေတွာ သောကသလ္လသမပ္ပိတံမဟာဇနံ အဿာ
သေတုကာမော တံတံဒိသံ ပက္ကန္တော။ ။သီ လက္ခန် အဋ္ဌက
ထာ။ ၂ ။သတ္ထာ ကပိလပုရံဂတော တတိယ ဒိဝသေ နန္ဒံ
ပဗ္ဗာဇေသိ။ ။ဓမ္မပဒအဋ္ဌကထာ။ ။ဉာတိဘဂဝါကပိလပုရံ
အာဂန္တွာဒုတိယဒိဝသေနန္ဒံပဗ္ဗာဇေသိ။ ။ဝိနည်းမဟာဝါအ
ဋ္ဌကထာ။ ၃ ။မဟာသတ္တောပိ။ ပ။ ကပိလဝတ္ထုံဂန္တွာပထမ
ဒိဝသေနေဝပိတရံသောတာပတ္တိဖလေ ပတိဋ္ဌာပေသိ။ပုနဒိ
ဝသေပိတုနိဝေသနံဂန္တွာ။ပ။ဓမ္မံကထေသိ။ ။အင်္ဂုတ္တရအဋ္ဌ
ကထာ။ ။ဘဂဝါဒုတိယဒိဝသေဝီသတိဘိက္ခုသဟဿပ
ရိဝါရောကပိလဝတ္ထုံပိဏ္ဍာယပါဝိသိ။ပ။အန္တရဝီထိယံဌိတော
ဝ။ဥတ္တိဋ္ဌေနပ္ပမဇ္ဇေယျ။ပ။ဣမံဂါထမာဟ၊ဂါထာပရိယောသါ
နေရာဇာသောတာပတ္တိဖလံသစ္ဆာကာသိ။ ။မဟာဝါအဋ္ဌက
ထာ။ ၄ ။သက္ကဿဝေဇယန္တောနာမပါသာဒေါသတ္တယောဇ
နသတာနိဥဂ္ဂတ္တိ။ ။သက္ကပဉှသုတ်အဋ္ဌကထာ။ ။ယော
ဇနသဟဿုဗ္ဗေဓေဝေဇယန္တပါသာဒေ။ ။မူလပဏ္ဏာ
သအဋ္ဌကထာ။ ၅ ။သောကိရကဿပဿဘဂဝတောသာ
သနေသဟကောနာမထေရောပထမဇ္ဈာနံ နိဗ္ဗတ္တေတွာပထမ
ဈာနဘူမိယံကပ္ပါယုကဗြဟ္မာဟုတွာနိဗ္ဗတ္တော။တတြနံသဟံပ
တိဗြဟ္မာတိသဉ္ဇာနန္တိ။ ။သဂါထာဝဂ္ဂသံယုတ်။မူလပဏ္ဏာသ

အဋ္ဌကထာ။ ။အယံကဿပဘဂဝတောသာသနေ သဟာ ကောနာမ ဘိက္ခုအနာဂါမိဟုတွာသုဒ္ဓါဝါသေသု ဥပပန္နော။ သဟံပတိနာမာတိ နံ သဉ္ဇာနန္တိ။ ။သုတ္တနိပါတ် အဋ္ဌကထာ။ ။ဝဿံသဟဿန္တိစေတံ ပဋိသန္တိဒပ္ပဘောဒပ္ပတ္တိ ဏာသဝဝသေနဝုတ္တံ။ တတောပနဥတ္တရိပိသုက္ခ ဝိပဿကာဒိ ဏာသဝဝသေနဝဿသဟဿံ။ အနာဂါမိဝသေနဝဿသ ဟဿံ။သကဒါဂါမိဝသေနဝဿသဟဿံ။ သောတာပန္နဝ သေနဝဿသဟဿန္တိ ဇိံပဋ္ဌဝဿ သဟဿာနိ ပဋိဝေဓ သဒ္ဓမ္မော ဌဿတိ။ ။ရူဋ္ဌဝါ အဋ္ဌကထာ။ ။ပဋိသန္တိ ဒပ္ပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ။ ဆဠ္ဌာဘိညေဟိ ဝဿ သဟဿံ။တေဝိဇ္ဇေဟိဝဿသဟဿံ။ သုက္ခဝိပဿကေဟိ ဝဿ သဟဿံ။ ပါတိမောက္ခေဟိ ဝဿ သဟဿံ အဋ္ဌာ သိ။ ။သုတ်ပါထေယျအဋ္ဌကထာ။ ၇ ။ဝေနသာခဇာတ် ၌။ ဗေါဓိမင်းသားမိမိပြာသာဒ်လုပ်သောလက်သမား၏ မျက် လုံးကို ဖေါက်သည်ဟူ၏။ ဓမ္မပဒ အဋ္ဌကထာ၌၊ ဖေါက်မည် အကြံကိုသိ၍။ မဖေါက်ခင် စက်ယန္တရား ရုပ်နှင့် ထွက်ပြေး သည်ဟူ၏။ ၈ ။လောဟကုမ္ဘီဇာတ်၌။ဒု။သ။န။ သော။ အက္ခ ရာသေးလုံးကိုရွတ်သောငရဲသူတို့ကား။ရှေးကမင်းသားဟူ၏။ ဓမ္မပဒ၌သူဌေးသားဟူ၏။ ၉ ။မြတ်စွာဘုရားဗောဓိမဏ္ဍိုလ် ၌။ ပထမသတ္တာဟမှထ၍နတ်တို့ဝိတက်ပျောက်အောင် ပြာဋိ ဟာပြုသည်ဟုဝိနည်းမဟာဝါအဋ္ဌကထာဆို၏။ဒုတိယသတ္တာ ဟအနိမ္မိသမှထ၍ပြုသည်ဟုအဋ္ဌသာလိနီဆို၏။ ၁၀ ။အရှင် မောဂ္ဂလာန်ဝတ္ထု၌။ခိုးယောင်ဆောင်၍မိဘတို့ကို သေအောင် သတ်ကြောင်းကိုဓမ္မပဒအဋ္ဌကထာဆို၏။အသေမသတ် ပုတ် ခတ်ရိုက်နှက်၍အိမ်သို့တဖန်ဆောင်ကြောင်းကို။ စတ္တာလီသနိ ပါတ်သရဘင်္ဂဇာတ်အဋ္ဌကထာဆို၏။ ၁၁ ။မင်္ဂလာဘုရားအ လောင်းတော်သားတော်တို့ကိုလှူ၍စိတ္တဝိကာရမရှိပိတိသော မနဿဖြစ်ကြောင်းကိုအဋ္ဌသာလိနီဆို၏။အားကြီးစွါသောက

ဖြစ်၍။ ရင်ကွဲကြောင်းကိုဒသနိပါတ် ဇာတ်အဋ္ဌကထာဆို၏။
၁၂ ။အာဗေါကာယင်မွေကဏ်။ ဟူသောဘွားဘက်တော် ခု
နစ်ပါးတို့တွင်။ခန္ဓပဒစသောအဋ္ဌကထာ၌။အာဗေါ့အရကို။ အာ
နန္ဒာဟူ၏။အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။အာရောဟနိယဟာတ္ထိဟူ၏။
၁၃ ။ဝါဆို။ ဝါခေါင်။ တော်သလင်း။ သီတင်းကျွတ်။ တန်
ဆောင်မုန်း။ဤငါးသကိုပါဠိဟာရိယပက္ခ၌။ သုတ္တနိပါတ် အဋ္ဌ
ကထာဆို၏။ ဝါတွင်းသုံးလသည်ပါဠိဟာရိယပက္ခမည်၏။ ဟု
အင်္ဂုတ္တိုရ်အဋ္ဌကထာဆို၏။ ၁၄ ။နှစ်လှမ်းသုံးဘဝါးဖြင့်။ နတ်
ပြည်သို့တက်သွားခြင်းကို။အဓိဋ္ဌာနိဒ္ဓိဟူ၍။ဝိသုဒ္ဓိမဂ်ဆို၏။ အ
ဓိဋ္ဌာနိဒ္ဓိမဟုတ်။ လက္ခဏာနိသံသဟူ၍၊ သုတ်ပါထေယျအဋ္ဌ
ကထာဆို၏။ ၁၅ ။ရတနာဃရဟူသည်။ရတနာခုနစ်ပါးဖြင့်
ပြီးသောအိမ်တည်းဟု ဝိနည်းမဟာဝါအဋ္ဌကထာဆို၏။ ရတ
နာခုနစ်ပါးဖြင့်ပြီးသည်မဟုတ်။ရတနာသဘွယ်ဖြစ်သောဖာဘိ
ဓမ္မာခုနစ်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်ရာဖြစ်၍။ ရတနာဃရ
မည်သည်ဟုအဋ္ဌသာလိနီဆို၏။ ၁၆ ။ဇာတ်ဝိဓုရ။ ပုဏ္ဏကဏ်။
သန္ဓေကြွးကြော်။လောင်းတော်ကုသ။သီဟနာဒ်။ဘူရိဒတ္တ။ ဇာ
တကတွင်။ သုဒဿန။နာဂရာဇာ။ကြော်ငြာသောသံ။ တတန်
ကဏှာ။ ဇာတကဋ္ဌ။ သုနခသံ။ ဤလေး တန်ကား။ ဇမ္ဗူ ကြား
သည်။ ။ထင်ရှားကဏှာဇာတ်လာတည်း။ ။ပုဏ္ဏကနှင့်။ကုသ
ရာဇာ။အာလာဝက။ကဏှခွေးသံ။ဤလေးတန်ကား။ဇမ္ဗူကြား
သည်။ ။ဤကားသုတ္တနိပါတ်လာတည်း။ ၁၇ ။ဤသို့စသည်
ဖြင့်ကျမ်းပြု ဆရာ တဦးတည်း ဖြစ်လျက်။ အဆိုမညီကွဲပြား
သည်အရာသည်။သည့်ထက်မကအတိုင်းမသိရှိပါသေးသည်။
သည်အရာရကို။ဂရုစိုက်ကာ။ မခွါမဆန်မငယ်သှန်ဘဲ။ ကျင့်
ကြံစွဲယူ၍ဘစိမ့်စိမ့်ရှုလိုက်ပါဦးဟူလို။

အဖြေရှိက။အသိဉာဏ်ဖြစ်ပွားရာသည်ကိုအကြောင်းပြု၍။
ပြဿနာပြုအပ်သော။ သတ္တပဒိကပုဏ္ဏာ၏
အဖြေကားပြီး၏။

ကုန်မပြောနိုင်ဘု။ဂုဏ်ပေါ်တဲ့ထေရ်ကျော်နှစ်ဆု။နန်းထိုက်တဲ့လူ။ဥာဏ်ရည်တူ။ပိုင်မည်သူလွန်ရှား။ ချခေတ်ပေါ်ပညာဝါတို့။ သွဉ်လာလျှင် ဆင်ဟာဒိတယ်။ပိုးတိ့အလား။ ။အာဝခါတောင်တွင်းက။ ခေါင်ချဉ်းတဲ့ပညာဝါ။ သီလဝင်ရှင်သာရ။ရဓ္ဓကြော်ကြွာ။ စံပမည်မြန်ပြည်လွှမ်းပေမဲ့၊ ရွှေကျမ်းတတ်။တို့ကလျာလည်း။ရှိန်တေဇာပွင့်လင်း။သို့ကတဲ။ အံ့အဲသိကဗျာမှို။သီသဝါရှင်သာရဋ္ဌတို့လို။သာသနာလောကဓါတ်မှာဖြင့်။ပညာငါသဟာမြတ်တို့ကို။ကျမ်းတတ်မသွင်း။ ။တို့ထေရ်ကျော်ချိုငေါ်စပ်သောကြောင့်။အချို့သောဒေသာရပ်မှာ။ လက်ခတ်လိုတုန်းကဟန်လို။ သိဆိုသူတချို့။ စာအိမ်မြောင်။ ပဋ္ဌင်းငယ်တာတေလှောင်ဘို့။ ခန်းချောင်မှာသံကုန်လွှတ်ကြတယ်။ အောတ်သင့်ဘို့။ ။အင်မတန်ယုံမြတ်နိုးလှလို့။ကောင်းကျိုးဘို့သဝဏ်စေသလေ။မြူးရွှင်လှစေ။ဆိုဘွယ်တွေ။ ဒိရေလိုမြိမ့်အုန်း။ရုဂုကိုပေယျာခံလို့။သင့်တံရုံမှာစာသလိုက်တယ်။တောရခင်ဘုန်း။ ။ပဲနောက်ကယ်ဆိုတဲ့ဟင်းဟာသို့။ဖြစ်လုံးစုံကုန်သန့်ရှင်းလို့။ပွဲကျင်းတိုင်းမဆန့်ကျင်။ မျှားလေ့စေချင်။ တဘန်ပင်။ထပ်ပြင်ရန်လွန်ကောင်း။ကျမ်းသမန်စကျြ များလို။ စကားထင်ပြုပြုနိုင်။ဂန္ထိမှာနံမှိပျောက်ရလျှင်။ စံသိဂ်ထံမှို ကျောက်ကယ်သို့။ဗုဒ်မှာဆူဟိရောက်အောင်။ထွန်းလောက်လေတောင်း။ ။သိကဗျာ ဂီတာ ဖြစ်သော်လည်း။ ဆိုနှစ်ကပြည့်မွန်။ ဘုန်းခင့်ကျမ်းဂန်။ လွန်ပြင်းသန့်ရှိပြန့်ခဲ့ကြည့်ခြင်း။ မချွင်းမချန်ဘု။ ပေထက်မှန်အကုန်တင်မယ်ပ။ ပြင်ဆင်ရန် တန်ချွတ်ယွင်းတတ်၊ပေးပေါ့မှုရင်း။

သတပဒိက ပုစ္ဆာအဖြေများကို ပြုလာသည့်အခါ။ ပညာရှိတဦးကပြန်ပေးသောသြဝါဒကထာဆုံးမစာ။

မဟာတာ။ သရသာ နုရေဝယာဟု။ ဇာဂ်လာဘူမိ။ အဏ္ဏုတ်။တဏ္ဍပက်ခ်ဝ။ မဂ်လံဇနေန္တောယေဝ။ ပညာဝါသဟာယောတေနုလောကဂုဏ္ဍိ။

ဝိဘတ်လိင်အန်။သမ္ဗာန်ဝါကျ။ကာရကကြိယာ။သဒ္ဒါနည်း
ညီစွာလျက်။ လက်ာဘွဲ့စီအပ်သော။ မဂဓဘာသာသက်သက်
ခွေးချိုး။

ယံပုစ္ဆံ။ မုဟုတ္တံဗျာကရဏေသောဝ။ ဌာနတ္တာဝေါ်။ တသ္မာ
စိရရတ္တာဝ။ပုစ္ဆာဗျာကရေယျာတိ။တေဒဗ္ဗေဗ္ဗော။ ။ငင်းခွေး
ချိုး။ ။ဗျာကရေယျာတိဌ။ဗျာကရေယျုံဇာတ်ဟုပဒဋ္ဌေဒပြု။

သစာဟံ။လဒ္ဓေါကာသံဝ။ဗျာကရဏံကရေ။ကောဏ္ဍံ။ တဝ
သဒ္ဓိက်ံဝ။အခ်ိရံသိယံကတွာန။သုခဒ္ဒဓေ။ ။ငင်းခွေးချိုး။ ။
ရေသီတာဒိုင်ကြီးနှင့်။ ဆိုင်မနီးဝေးကွာ။ ကျတ်တီးမြေဇင်
လာ။ ထင်စရာမဲ့ရှောင်း။သင်းရနံ့လှိုင်ကြူထုံ။ ကြာပန်ပွင့်ချက်
ကကောင်း။ရှေးယခင်ဟုန်နှစ်ဦးက။ မဖြစ်ဘူးဖြစ်လာ။ ခေတ်အ
ခါသာတောင်း။မြစ်အညာရွှေချောင်းက။ဗောဓိလောင်းမှန်ကူ။
ကျမ်းပေစာကြည့်ရှုအား။ သုတများရှိလှပေသသူ။ ရှေးကံမြင့်
လို့။ဟန်သင့်ယူ။ ဉာဏ်ဆင့်ကူထပ်လောင်းလို့။ နည်းပေါင်းစုံ
လင်စွာ။မေးလျှောက်သည့်တာ။ဖြီးမွမ်းလောက်ပေငဲ့။ မီးထွန်း
တောက်သည့်နှယ်။ မေးလျှောက်သည် ခင့်ပုစ္ဆာမှာ။ ထောင်
ထိပ်ကြာပေါက်သည့်သို့လေး။

အရတော်မှန်လှ။ ကလျာဏမိတ်မဟာ။ သဟာယအဒိဌာ
ကို။စိတ်မေတ္တာကြည်ပွါး။ ကျမ်းဂန်ထွက်မှတ်စရာကို။ ပြဿ
နာမေးပြုလျှောက်ထား။မေးလျှောက်သည့်ခင့်ပုစ္ဆာ။ ခွင့်လှပ်
ခါလျှင်လျှား။ ဘွင့်ထုတ်ခါဖြေမအားတတ်လို့။ ကာလများမြင့်
ကြာ။ထူးအထွေထင်တော်ရှိပါနှင့်။ ဝင်သာကိလောင်းဇုန္ဒက်ူ
လျှာ။သိဿများလို့တအားနာ။တပါးမှာခွါမသင့်လို့။ သိသိမြင့်
တဲ့ကာလတွက်တာ။စိတ်လက်မသာ။ သိလောက်သင့်ပါငဲ့။ညီ
ထောက်ချင့်ပါတော။ဖြေဘွင့်သည့်ဝိသဇ္ဇနာမှာ။ကပ်ဦးကမ္ဘာ
ရိုယ်းကြီးသွန်းသို့လေး။

ယထာလက်ာရဌာနမှိ။ဥဿိတသ္မိံမဟာပထေ။ ပဒုမံတဇ္ဇ
ဇာယေထ။သုစိဂန္ဓံမနောရမံ။

ဖေဝံသက်ရဘူတေသု။ပစ္စန္တေ သုမိလက္ခုသု။အတိရောစတိ
သုတေန။အဒိမေဓ္ဓောသဟာယကော။

သုလဒ္ဓံဝတမေအာသိ။အာသိဒ္ဓေ္ဘာဝမယေဒိသော။ဒိသော
ဒိသံသစေဟေယျ။ဟေယျစက္ကပဝဇနံ။ ။ပြင်းဇက်ခွဂါထာ။

လောကာလေါကာနုမဘ္ဘာဝါ။ဘယာဘယာဒိကပ္ပိကံ။သူရိ
သူရိဇနေ့တေဝ။ပဘံပဘံကရောကရံ။ ။အာဒိယမကဂါထာ။

ဝေမ္ပိတွံဓမ္မာဓမ္မံ။ဇာနန္တာမနာဘံနုတံ။ဇနံဝိတမံဘာမံ။ကာရ
ဓမ္မကာရံကာရံ။ ။အန္တယမကဂါထာ။

မန်လည်မြို့မကျောင်းကြီးဆရာ။အနက်မြန်မာ
ပြန်သည်။

ဝိတဏ္ဍာမံသနု။ဝိသဇ္ဇကာဒိ။ဂန္ထပါရဂူစ။နယညူဝဏ္ဏေယျ။
ဝဏ္ဏဝါဒီ။ဂုဏာမါ။သံဃေစရော။ထေမေတုမာရုတ္တံ။မာဂဓိကေ
နမဟာတာ။သရသာတျာဒိဟိ။ မဘာဝိဇ္ဇာကရာစ။အဘ္ဘုတာဝိ
ကရော။ဟောဟိတွေ။ ။ဝိဘတ်လိင်အနန်။သမ္ဗန်ဝါကျ။ကာရ
ကကြံယာ။ သဒ္ဒါနည်းမပျက်။အနက်နည်းပြည့်စုံ။ အလင်္ကာ
ဂုဏ်မယုတ်။မာဂဓစီလုပ်သော။ပဋ္ဌမပုဒ်ဖွေးချိုး၏။အနှသခွေ
လေးချိုး။

ယာဇဂ်လဘူမိ။အကြင်ကျေးတောခေါင်ခေါင်။မြေပြောင်
ပြောင်ဖြစ်သော။ကျတ်တီးပြင်အရပ်သည်။ မဟာတာ။မဟန္တော
တော။ ပုထုလတော။နက်ဝှမ်းကြီးကျယ်စွာသော။ သရသာ။
သရတော။ဒဟာတော။အိုင်မှ။ ။တနည်း။ ။မဟာတာ။မဟန္တ
တော။ပရိပုဏ္ဏတော။များစွာသော။ သရသာ။သရဝန္တတော။ရေ
ရှိရာမှ။ဒုဂေဓဝ။မနီးစပ်ပါ။ကွာဝေးရာ၌သာလျှင်။အဟုအဘဝိ။
ဖြစ်ပြီ။ တဗ္ဗုတိဿံဇဂ်လဘူမိယံ။ ထိုအိုင်ဝေးရေဝေး။ကျေး
တောခေါင်ခေါင်။မြေပြောင်ပြောင်ဖြစ်သော။ကျတ်တီးပြင်အ
ရပ်၌။ အဘ္ဘုတံ။မဖြစ်တောင်းသော။ပက်ဇံ။ ပွင့်ချပ်တရာ။ပဒုံ
ကြာသည်။ဇာယတေဇာဝ။ဆယ်ရပ်တိုင်တိုင်။ရန့်ကြိုင်အောင်။
ပျံ့လှိုင်ပွင့်ကား။ ထင်ရှားမျက်မှောက်။ခဲရဲတောက်မှု။ ပေါက်

ရောက်ဖြစ်ပေါ်လာဘိသကဲ့သို့။ ပေါက်ရောက်ဖြစ်ပေါ်လာဘိသည့်နှယ်။မင်္ဂလံ။ကောင်းခြင်းကြေညာ။မင်္ဂလာကို။ဇနေန္တော ယေဝ။ဖြစ်စေလျက်သာလျှင်။ပည၀ါ။သုတမယ။စသည်လောံ လုံ။ပညာဂုဏ်နှင့်။ပြည့်စုံမြော်မြားစွာထသော။ သဟာယော။ လက်တည်းရှင်ပူး။မမြင်ဘူးသော။အထူးချစ်ကြည်။မဟာဆွေသည်။ဇာယတိ။ ဖြစ်လတ်ပေ၏။တေနကာရဏေန။ထိုသို့ဖြစ်ပေါ်လာသောအကြောင်းကြောင့်။လောကဝုဍ္ဎိ။ ဦးမည်းဦးဖြူ။ရှင်လူသတ္တဝါအပေါင်း၏။ကောင်းမြတ်လွန်ကဲစွာ။နတ်ရွာမဂ်ဖိုလ်အစီးအပွါးသည်။ဇာယတိ။ဖြစ်ဘိ၏။

ယံပဉှာဗျာကရ။ စိရတ္တကာရဏံ။ ဒါနိတံ ဒဿေန္တော။ သောဓေန္တံ။ ယံပုစ္ဆံ ရဟတ္တံတျာဒိ။ ဝုတ္တံထေရာဝိ။ တသ္မာဇေဝတ္တာ ဥဒေယျာဉာတိ။ ။ဉာတိသဒ္ဒါကို ဇေဝနောက်ယှဉ်ပါ။ တသ္မာဇေဝါတိအဝေတ္တာဒဋ္ဌဗ္ဗော။

ယံပုစ္ဆံ။ အကြင်အမေးတရားပြဿနာကို။ ဗျာကရဏာသ။ ဖြေရခြင်း၏။ ဩကာသတ္တာဝေါ။ အခွင့်ခဏ။ ရသည်၏အဖြစ်သည်။ ရဟတ္တံ။တခဏမျှ။ယသ္မာ။ အကြင့်ကြောင့်။အတ္ထိ။ရှိ၏။ တသ္မာဇေ။ ထိုကြောင့်သာလျှင်။ တံပုစ္ဆံ။ ထိုအမေးတရားမှ လောံသာဖြစ်သောပြဿနာကို။စိရရတ္တာ။ရှည်ကြာလေးမြင့်။ တွက်ချင့်လတ်သော်။ ဆယ်လကျော်အောင်။ ဗျာကရေယျံ။ ဖြေရချေ၏။ဉာတိဇေဝံစိရရတ္တာဘာဝေါ။ဤသို့ရှည်ကြာလေးမြင့်ရသည်၏အဖြစ်ကို။တေဘယာ။ သင်မဟာကြည်။ချစ်ဆွေသည်။ဒဋ္ဌဗ္ဗော။မှတ်အပ်၏။

ယံပုစ္ဆံဗျာကရဏာသတို့ကား။သတ္တာရဒသနံတို့ကဲ့သို့။ ယပစ္စည်းယှဉ်ရာဆဋ္ဌီကံမြသည်ကိုပြ၏။ ။ပုစ္ဆာဗျာကရေယျံ၌။ပုစ္ဆာကိုကားဆင်ခြင်အပ်စွ။

ဇေဝတ္ထ။ပါယင့်ကာတုံယေဝ။အဟာသာမိ။သစာဟံ။လဒ္ဓေါကာသံတိ။အာဒိကံသံသယော။ဟာတောတေဟိ။

အဟံ။ငါသည်။ လဒ္ဓေါကာသံဝ။ အခွင့်ရသည်ဖြစ်၍လျှင်။

ဗျာကရဏံ၊ ဖြေခြင်းကို။သစေ။အကယ်၍။ကရေကရေ ယျံ။ပြု ပြွားအံ့။ဝေံသတိ။ ဤသို့ပြုရသည်ရှိသော်။ ကြေနံ့။စင်စစ်။တဝ ချစ်ကြည်သက်ဝင်။ငဆွေသင်၏။ သန္တိကံ။ အထံသို့။အစိရံ။မ ကြာမြင့်မီ။သီဃံ။လျင်မြန်စွာ။ ကတ္တွာနဝေ။ပြု၍သာလျှင်။သုခဒ္ဒ ဒေ။ပေးရလွယ်ရာ၏။

ယူဇနာသတာလှည့်။ နွန်းတောင်ရှည့်အပြိုင်။ သုံးတောင်ပြည့် ကနိုင်ဝယ်။အမြိုင်မြိုင်ကွက်တွင်း။ ကျော်စန္ဒနနီဖြူငယ်။တကြွ ကြွမွှေးပျံ့မသင်း။ တောင်ဟူ သနေ့ရွှေ ဘွေငုငုမှာ။ စိန်ဝေဘူမ ဝင်း။ ဂဇေဂဇေဆင်ခပင်းမှာလဲ့။ မသွင်းပြုံ့တော၊ရှင့်နည်းတူ ဇမ္ဗူ၊ရင်၌။ တဆူမြတ်ပေါ်ခဲလှပါပေ။ငရိယာသယ်နှင့်။ ကျင့်မြတ် ခြွေ။ မဟာဆွေကြည်တော်ချစ်နှင့်။ သည်ဖြစ်သည်ခါတွင်။ ပေါင်းဆုံရကျင်။ ဖြဟ္မာနိုင်းတဲ့။သာဂိဏ်းဝင်ငယ်။ သမ္မာရှင် ဟိတ်နည်းထင့်လေ။ ။ကမ္ဘာပိုင်းက လာတိုင်းခင်တယ်။မ ဟာဝင်မိတ်ကြီးထင့်လေး။

ဝင့်မညွန့်။ ရှင့်ဂုဏ်ကို ထင်မမေ့ပါဘူး။ မြင်နေ့ နေ့ဘိုင်း။ အတွေးကြုံ။ဝရဝမ္မာန်နှင့်။ လွန်တရံဆံချည်စိတ်ကယ်မှု။ သန်းရိပ် ယောင်မထော်မိတယ်။ဗောဓိသံပိုင်း။

သမ္မာဟုံဖြာညီ။ဂုဏ်ပါမိ့သခင်။စုံပါဘိအမြင်ငယ်။ရောက် ပါရင်ဘက်ကမ်း။ မျှားသုတဝိဇ္ဇာတယ်။ တဆူဃ္ဃာပြီးသိဒ္ဓိလမ်း။ မဂဓနှင့်သကဌုဘင်္ဂ်သိ၊နာဂရိဘွေလှမ်း။ ဂင်္ဂါဋ္ဌ၊ရဲထိုထိုကျမ်း နှင့်။စမ်းသနေ့ရွှေဘွေ့ပါ။ မြန်ပုံ။ကမ်းကုန်ကျအောင်။ ကျမ်းစုံပြ ဖြေလိုက်သည့်မှာ။ကမ္ဘာရိုးထက်။ တပိုးကာတယ်။အရိုးသာ တင်မကြွားပါဘူး။ ဖြာရှူးစေ့ကျိန်ပါလိုက်ချင်။ ဘုန်းယံစိမ့်ပင်။ တဆုဖြစ်သည့်သူချစ်ဘုင်ငယ်။အနာဂဝင်ရင်ရင့်ဆုံးပလေ။ ။ ဇမ္ဗူခေတ်၌။သူသစ်ဝင်အောင်။ကမ္ဘာတွင်ပွင့်အုန်းဖျလေး။

ထင်စနွံ့ပါဘူး။ခင်တဘုန်းစွမ်းအင်။ ကြာနေမှာရေကိုသိ ပါငဲ့။နန်းဥာဏ်ကြီးရှင်။ဖြေရွှေသွာပေါ်လာခဲသည့်ကောင့်။စိတ် ထဲ၌ကြံဆင်ခြင်။အထင်ကသည့်သို့။လေးချက်ကယ်ကျော်။ငွေ

မောင်း ကြိမ်ကြိမ်ဆော်လျက်။ တိမ်ရွှေဘော် ကွာမကင်းသာ
ကြောင့်။မပေါ်လာရှင်နေမင်းငယ်။လင်းရက်ပေလို့။

---

## နောက်ဂါထာတို့၏အတ္ထယောဇနာ။

မဟာပထေ။လူပုံများစွာ။သွားလာမပြီး။လမ်းမကြီး၌။ဥဇ္ဈိတသ္မိံ။စွန့်ပစ်အပ်သော။သင်္ကာရဋ္ဌာနမှိ၊တမြက်ချေးစုံ။ရဝေးပုံရာဖြစ်သော။တတ္ထ။ထိုစက်ဆုပ်ရွံ့ရှာဘွယ်မစင်ကြွယ်သောအရပ်၌။သုဂန္ဓိ။ရနံ့မွှေးကြိုင်။ ပျံ့လှိုင်သော။မနောရမံ။ နှလုံးမွှေလျော်။ ရွှင်ပျော်မြတ်နိုးဘွယ်ရှိသော။ ပဒုမံ။အပတ်တရာ။ချပ်လွှာပြည့်စုံ။ကြာပဒုံသည်။ဇာယေထယထာ။ပေါက်ရောက်ဖြစ်ပေါ်ဘိသကဲ့သို့။ဧဝံတထာ။ ထိုပမာလျှင်။သင်္ကာရဘူတေသု။တမြက်ချေးစုံ။ ရဝေးပုံသော။ လမ်းဆုံးလမ်းဝ။ လမ်းမှအလယ်။ မစင်ကြွယ်စွာ။ ရှုပ်ထွေးရာနှင့်။ ပမာသဘွယ်ဖြစ်ကုန်သော။ ။ဤမျှလောက်ပါဠိအစဉ်တို့ကားဓမ္မပဒပါဠိတော်ချည်းဂရဟာဒိန္နဝဂ္ဂ၊ဂါထာ။ ။မိလက္ခူ။သု။မလအက္ခိ။ ဥဏ်မျက်စိတွင်။ညစ်ကြေးဖြင်သော။ ကချင်ကထူး။ဘီလူးအယောင်။ရှမ်းပလောင်က။တောင်နေတောသူ။မိလက္ခူတို့။ ပြောထူအမိုက်။ဒုစရိုက်နှင့်။အလိုက်မွှေလျော်။နေပျော်ရာဖြစ်၍ဖြစ်ကုန်သော၊ပုထုဇ္ဇနေသု။နန်းနှင့်မနီး၊ထီးနှင့်မဆံ။ဗဟိုရ်ရသံလည်း။တရံမကြား။တိုင်းစွန်နားတို့နိုက်။မေ။ငါ၏။ အဒိဋ္ဌော။ဘဝဉ်နေ့။ယခင်ရွှေ့က။ မတွေ့မမြင်ဘူးသော။သဟာယော။ သဟာဓမ္မိက။ သမ္ဗုဒ္ဓစာရီ။ သာကီယဇာတ်။နတ်ဝိသုဒ္ဓိလယ်။စင်ကြယ်သန့်ရှင်း။ မျိုးမြတ်ချင်းဖြစ်သော။သီတင်းသုံးဘော်။ချစ်ဆွေတော်သည်။သုတေန။သုတ်နှင့်ဂေယျ။ စသည့်ကိုးအင်။ဘောက်ထိုးဝင်၍။ပါရဂ်တ။ဆိုလောက်စွအောင်။လောကဓမ္မ။ သုတဝိဇ္ဇာ။အရာရာကို။ လိမ္မာလေ့ကျမ်းသော။ ကျမ်းဂန်အကြားအမြင်ဖြင့်။ အတိရောစတိ။အလွန်အကြူး။အထူးဆန်းကြယ်။နှစ်သက်ဘွယ်ပင်။တင့်တယ်ပြောင်ရွှန်း။ထွန်းပေ၏။

မေး။ငါ့အား။ဝတ၊ စင်စစ်။ သုလဒ္ဓ၊ ကောင်းသောရခြင်းသည်။အာသိ။ဖြစ်ပြီ။မယာ။ငါသည်။ဇဒိသော၊။ချစ်ဆွေအတူ။ သို့သောသူကို။အာသိဗ္ဗောဝ။မပြတ်ကာလ။ တောင့်တလိုရှိပါသလျှင်ကတည်း။ ဇဒိသော။ ချစ်ဆွေအတူ။ ဤသို့သူသည်။ဒိသောဒိသံ။လေးရပ်ရှစ်ရပ်။ ဆယ်ရပ်ဒိသာ။ မျက်နှာမျက်နှာတိုင်း၊သစေ။အကယ်၍။ဟောယူ။ ဖြစ်ပါငြားအံ့။ဝေံသတိ။ သို့ချည်းတစေ၊ဖြစ်ပါလေသော်။ စက္ကုပ္ပဇ္ဇနံ။ ဝိသုဒ္ဓိနတ်။ မြတ်ထက်မြတ်သော။သဒ္ဓမ္မရာဇာ၊ တို့မြတ်စွာ၏။ သာသနာစက်။ ရောင်ဝါတက်၍။ဘဝဂ်တိုင်အောင်ပွါးသည်။ဟောယျ။ဖြစ်ရာ၏။

အာလောကာနံ။ကိုယ်ဝါထွန်းပြောင်။ အရောင်အလင်းတို့၏။အာဘာဝါ။မရှိပျောက်ပြယ်။ ကင်းကွယ်ခြင်းကြောင့်။ဘယံ။ထိတ်လန့်သည်းဆူ၊ ကြောက်ခြင်းတူသော။အသူရံ။မခဲမတည်။ မနိုင်ကျည်သော။ အာဒိကပ္ပိကံ။ ကမ္ဘာပေါ်ဦး။ကောတူး၌ဖြစ်သော။လောကံ။ လူအပေါင်းကို။ ပဘံကရော။ ရောင်ခြည်တဆောင်။ထွန်းပြောင်ထိန်ဝင်း။နေနတ်မင်းသည်။ပဘံ။ကိုးသန်းမိုက်မှောင်။ထွန်းသင်းပြောင်သော။အရောင်အဝါကို။ကရံ။ကရောန္တော။ပြုလျက်၊အဘယံ။မကြောက်မရွံ့၊ မထိတ်လန့်အောင်။သူရံ။ရဲရင့်နိုင်ကျည်အောင်။ဇနေန္တော။ဇနေတိဗျာဝ။ဖြစ်စေသကဲ့သို့။ ။ဝေံ။ဤနေမင်းအတူ။တွဲပ်။ သင်ချစ်ဆွေသည်လည်း။ဓမ္မကရံ။ဒေသနာတန်ဆောင်။တရားရောင်ကို။ကရံ။ကရောန္တော။ပြုလျက်။ဓမ္မာဓမ္မံ၊ ကျေးဇူးရှိမဲ့ဖြစ်သော။ကုသိုလ်အကုသိုလ်တရားကို။အဇာနန္တံ။မသိသော။မသိသောကြောင့်၊အနတ်။သုံးပါးမြတ်စွာ။ရတနာသို့။သဒ္ဓါမရှိုင်း။မိစ္ဆာရိုင်း၍။မကိုင်းမညွတ်သေးသော။ ဇနံ။ လူအပေါင်းကို။ နတ်။ သဒ္ဓါရှင်မြူး။ကြည်နူးကိုင်းညွတ်အောင်။တမံ။ညာဏ်မလင်း။အမိုက်တွင်းသို့။သက်ဆင်းကျွံနှစ်။မေ့ယစ်မူးဝေ။ရှုးတွေလေသော။ဇနံ။ လူအပေါင်းကို။ဒိတမံ။မောဟမိုက်မှောင်။ ကင်းလွတ်ကွာအောင်။ကရကရောဟိ။ကရဏာဟိ၊အာရုံရှုးရှူ။သနားမှုဖြင့်။ဟောပြု

ဖြေချွတ်ပါစေချင်၏။ ဟောပြုဖြေချွတ်ပါဘိလော။ ။မန်လည် မြို့တောရဆရာဦးဇဝနမေးလျှောက်အပ်သည်ကို။ မင်းကွန်း ထေရ်ဆရာဦးပဏ္ဍာဝံဝိသဇ္ဇနာပြုအပ်သည့် သတပဒိကပုစ္ဆာ အဖြေပြီး၏။

ဤတွင်ရွှေပဋ္ဌစတ္တာသ်သပုစ္ဆာအဖြေ။သတပဒိက
ပုစ္ဆာအဖြေပြီးပြီ။

## သတပဒိကတွင်ပါသည့်ပုဒ်စဉ်။နံပါတ်။အကြောင်း အရာတို့ကိုခွဲခြားပေအံ့


| ပုဒ်စဉ်။ | | နံပါတ် | အကြောင်းအရာ။ |
|---|---|---|---|
| ကျွန်းသိဟိုဠ်စေတီမြတ် | ... | ၁ | မှာသဖြန်လေးချိုး။ |
| ရှုတ္တိတဲ့ပုရိသာ | ... | ၂ | မှာရင်း။ |
| စန္ဒနှင့်သူရိယာ | ... | ၃ | မှာရင်း။ |
| စန္ဒာမှာငွေယုန်ရေး | ... | ၄ | မှာရင်း။ |
| တိမ်တောင်မှာစိန်ရောင်ဟပ် | | ၅ | မှာရင်းခွေးချိုး။ |
| ထက်ကောင်းကင်ဗွေအမြင့် | | ၆ | မှာတေးထပ်လေးချိုး။ |
| ချန်စ်သွယ်မေဟာ | ... | ၇ | မှာခွေးချိုး။ |
| သိစရအောင်ပ | ... | ၈ | မှာရင်း။ |
| ကိုယ့်ဥဿာမှန်သား | ... | ၉ | မှာရင်း။ |
| ကိုယ့်ဟာကိုကိုယ်ပေး | ... | ၁၀ | မှာရင်း။ |
| ကိုယ့်ဟာကိုကိုယ်ခိုး | ... | ၁၁ | မှာရင်း။ |
| ရုံအင်္ဂါ ၅ ရပ်နှင့် | ... | ၁၂ | မှာရင်း။ |
| သူ့ဟာကိုယူခြင်း | ... | ၁၃ | မှာလေးချိုး။ |
| ဓောဘဝင်ကျန်နှောင်း | ... | ၁၄ | မှာရင်း။ |
| ကြွက်အိမ်မြှောင်မြွေမြီး | ... | ၁၅ | မှာတေးထပ်လေးချိုး။ |
| ကမ္ဘဝါရှုတ်မှု | .. | ၁၆ | မှာခွေးချိုး။ |
| မာနတ်တဲ့ကျင့်ခါ | ... | ၁၇ | မှာရင်း။ |
| တောင်ဇမ္ဗူကျွန်းမြတ် | ... | ၁၈ | မှာတေးထပ် |
| သိမ် ၂ ဖြာစပ်ကြ | ... | ၁၉ | မှာရင်း။ |
| လေးသဏ္ဍာတရား | ... | ၂၀ | မှာခွေးချိုး။ |
| အကနိဋ္ဌသောတ | ... | ၂၁ | မှာရင်း။ |
| ဗြဟ္မာကစုတိ | ... | ၂၂ | မှာရင်း။ |
| တပိုင်းမှာဇီဝ | ... | ၂၃ | မှာလေးချိုး။ |
| စေတနာကုသလ | ... | ၂၄ | မှာခွေးချိုး။ |

မာတိကာ။


| ပုဒ်စဉ်။ | | နံပါတ် | အကြောင်းအရာ။ |
|---|---|---|---|
| ဝိပ္ပယုတ်ကယ်နှင့် | ... | ၂၅ | မှာခွေးချိုး။ |
| စေတနာအပုံများ | ... | ၂၆ | မှာဒင်း။ |
| ပဏာမစေတနာ | ... | ၂၇ | မှာလေးချိုး။ |
| အကုသိုလ်ဗလဝ | ... | ၂၈ | မှာတေးထပ်။ |
| ပြည့်မန္တာနဂရ | ... | ၂၉ | မှာဒင်း။ |
| ကုသိုလ်မှာဣဋ္ဌာရုပ် | ... | ၃၀ | မှာခွေးချိုး။ |
| ကုသိုလ်ကံစီမံလုပ် | ... | ၃၁ | မှာဒင်း။ |
| သဘောဘာမှန်အနက်ကင်း | ... | ၃၂ | မှာဒင်း။ |
| ကောင်းကျိုးငယ်ရှည်စင်လျက် | | ၃၃ | မှာဒင်း။ |
| စေတနာဘာချက် | ... | ၃၄ | မှာတေးထပ်။ |
| ဩဠာရိအဖြစ် | ... | ၃၅ | မှာဒင်း။ |
| ဥစ္စာမပါဘဲ | ... | ၃၆ | မှာခွေးချိုး။ |
| ပရိကံ | ... | ၃၇ | မှာလေးချိုး။ |
| ဘော်ကူနှင့်မကူ | ... | ၃၈ | မှာခွေးချိုး။ |
| အရိယာဟူသမျှ | ... | ၃၉ | မှာဒင်း။ |
| ရဟန္တာဖြစ်ကြသား | ... | ၄၀ | မှာဒင်း။ |
| ဝိထိစဉ်တဝါရ | ... | ၄၁ | မှာဒင်း။ |
| ဝေဒနာတချို့ | ... | ၄၂ | မှာလေးချိုး။ |
| ကွက်မချန် | ... | ၄၃ | မှာခွေးချိုး။ |
| ကုန်မဆိတ်အောင်ပ | ... | ၄၄ | မှာဒင်း။ |
| ရုပ်ပလီ | ... | ၄၅ | မှာဒင်း။ |
| မယ်ယသော်ဒေဝဒတ် | ... | ၄၆ | မှာဒင်း။ |
| သင်္ဂါခြင် | ... | ၄၇ | မှာဒင်း။ |
| ဈွသူယောင် | ... | ၄၈ | မှာဒင်း။ |
| ရေးချုချာ | ... | ၄၉ | မှာဒင်း။ |
| တူမကွာ | ... | ၅၀ | မှာဒင်း။ |
| ရက်သတ္တာ | ... | ၅၁ | မှာဒင်း။ |

| ပုဒ်စဉ်။ | နံပါတ် | အကြောင်းအရာ။ |
|---|---|---|
| ၂ကုဋေ ... | ၅၂ | မှာနှေးချိုး။ |
| မသောရာ ... | ၅၃ | မှာရင်း။ |
| ဗိမာတာကြာခမ်း ... | ၅၄ | မှာတေးထပ်လေးချိုး။ |
| တဂါထာ ... | ၅၅ | မှာလေးချိုးသဖြန်။ |
| ရွှေဂဠုန် ... | ၅၆ | မှာနှေးချိုး။ |
| လေအဟုန် ... | ၅၇ | မှာရင်း။ |
| လက်ပံသျှင် ... | ၅၈ | မှာရင်း။ |
| ချခါသိ ... | ၅၉ | မှာရင်း။ |
| ဆကာမာဘုဋ္ဌ ... | ၆၀ | မှာရင်း။ |
| အပွေမို ... | ၆၁ | မှာရင်း။ |
| တွေ့မဆုံ ... | ၆၂ | မှာရင်း။ |
| နတ်ခြောက်ဘုံ ... | ၆၃ | မှာရင်း။ |
| နတ်ဗြဟ္မာရတော့က ... | ၆၄ | မှာရင်း။ |
| မြေဘုတ်ကောင် ... | ၆၅ | မှာရင်း။ |
| ပြောကြလျှင် ... | ၆၆ | မှာရင်း။ |
| ခေါ်ပသိ ... | ၆၇ | မှာရင်း။ |
| ဇိတ်ကြီးစည်သင်တိုင်း ... | ၆၈ | မှာတေးထပ်။ |
| သူတပုဒ်ကယ်နှင့် ... | ၆၉ | မှာနှေးချိုး။ |
| နာမ်အာချာတ်ကယ်နှင့် ... | ၇၀ | မှာရင်း။ |
| သဘောဘာလို ... | ၇၁ | မှာရင်း။ |
| ယုဏာဘုခမေ ... | ၇၂ | မှာရင်း။ |
| ဝိဘတ်တဲ့ပွဲမီ ... | ၇၃ | မှာလေးချိုး။ |
| ချသိစေ ... | ၇၄ | မှာနှေးချိုး။ |
| ဝသောတာဥဒ္ဓ ... | ၇၅ | မှာရင်း။ |
| ကမ္ဘဝါပါဠိနှ ... | ၇၆ | မှာရင်း။ |
| ဗြဟ္မာဆိုသည့်တပုဒ် ... | ၇၇ | မှာရင်း။ |
| ဟောနည်းငယ်မှန် ... | ၇၈ | မှာရင်း။ |

| ပုဒ်စဉ်။ | | နံပါတ် | အကြောင်းအရာ။ |
|---|---|---|---|
| သိဟာတဲ့သိဃ်ံ | ... | ၇၉ | မှာလေးချိုး။ |
| မကြောတဲ့အကျော | ... | ၈၀ | မှာဍင်း။ |
| ရွှေပြည့်တော်သာဝတ် | ... | ၈၁ | မှာနှေးချိုး။ |
| အကွာရာပေါင်းသုံး | ... | ၈၂ | မှာတေးထပ်။ |
| အကွာရာလေးလုံး | ... | ၈၃ | မှာဍင်း။ |
| သကာလဝင္ဂ | ... | ၈၄ | မှာဍင်း။ |
| ရုပ်ထွေးလိမ် | ... | ၈၅ | မှာနှေးချိုး။ |
| အဝိမ္မာသကါယ်ဟု | ... | ၈၆ | မှာဍင်း။ |
| သူရိယာ | ... | ၈၇ | မှာဍင်း။ |
| ဒုဿိကွန်သတ္တ | ... | ၈၈ | မှာလေးချိုး။ |
| ဝေဠုဝန် | ... | ၈၉ | မှာနှေးချိုး။ |
| ပညတ်ရာဌာန | ... | ၉၀ | မှာလေးချိုး။ |
| ယုတ်မြတ်ဟဲ့ကြိုးငယ် | | ၉၁ | မှာဍင်း။ |
| အထူးဟဲ့တွေလာ | ... | ၉၂ | မှာဍင်း။ |
| မိုဃ်းဝလာတိမ်ညွှန့် | ... | ၉၃ | မှာဍင်း။ |
| ဗိုလ်တထောင်ကွေးညွတ် | | ၉၄ | မှာနှေးချိုး။ |
| ဆယ့်နှစ်နှစ်ခါကျူး | ... | ၉၅ | မှာဍင်း။ |
| ဝိပဿနာဉာဏ်ဆယ်ဆ | | ၉၆ | မှာဍင်း။ |
| ၂ သန်းနှင့် ၄ သိန်း | ... | ၉၇ | မှာလေးချိုး။ |
| ၆ သိန်းနှင့် ၃ သန်း | ... | ၉၈ | မှာဍင်း။ |
| မိုးခုနှစ်ခွေ | ... | ၉၉ | မှာတေးထပ်လေးချိုး။ |
| ခုနစ်ဝါချိန်ကျ | ... | ၁၀၀ | မှာဍင်း။ |
| သဖြန်လေးချိုးပုဒ်ပေါင်း | | ၂၂ | |
| ၎င်းနှေးချိုးပုဒ်ပေါင်း | ... | ၆၃ | |
| တေးထပ်လေးချိုးပုဒ်ပေါင်း | | ၁၅ | |

၃၅ ... ၁၀၀

# နိဒါန်း။

အယုဇ္ဈာဘုမိ၊ ဝတိန်တမှု။ နိုင်းချိန်ရ၍။ စစပြည့်ဖြိုး။ တင့်စနိုးဖြင့်၊ တန်ခိုးတေဇ။ ထွန်းလင်းပသည့်။ မန်လည်မြို့မ။ မင်းကုန်းရပ်ကျောင်းကြီးဒွိ။ ယာပိုက်လေးလီ။ မှည့်ညီ ရွှင်ပြုံး။ သိတင်းသုံးနေတော်မူသော။ ဘဒ္ဒန္တဇဝန။ ဝိသုတမဟာထေရ်သည်။ ထူ လည်းထွေလာ။ နဘာဝတေဇာဖြင့်။ လေ့လာတော်မူအပ်သော်။ ပိဋကတ်သုံးပုံ။ ရွှေအာဂုံဝယ်၊ အာရုံတော်ပြု။ နေ့ဥဿာဟ်နှုတ်တို့ အားကရုဏာရှေ့ထား၍။ ကျယ်ပွါးစေမှု။ နိကာယတွင်။ ခုဒ္ဒကအဝင်အပါ။ ထေရဂါထာပါဠိတော်ဗသနိပါတ်ဂေါတမထေရာ။ ဆယ်ဂါထာတို့မှ။ ရှေးဦးစွာတဂါထာကိုချန်၍။ ကျန်ဂိတ်ချိုးတို့ဖြင့်။ ဖွဲ့ပြအပ်သော။ သမ္မာပဋိရူပ ကိုးဂါထာတို့ကို။ နေ့ံသား နောင်လာ သူတော်စွာတို့။ ပညာလက်ငှဲ။ မှတ်ယူမြဲရအောင်၊ ချဲ့ပြထိုက်သောအဓိပ္ပါယ်နှင့်တကွ။ ရေးသားတော်မူသော၊ သမ္မာပဋိရူပကိုးဂါထာ။ ပါဠိအနက်။

## သမဏာပဋ္ဌာန။

## သဏာမပဋ္ဌာနပါဠိတော်။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ မိတ္တံဉူဝေဝ ကလျာဏံ။ သိက္ခာ ဝိပုလ သမာ ဒါနံ။ သုဿူသာစဂရုန်။ဧတံသမဏာသပဋ္ဌာနံ။

၂။ ဇုဋ္ဌေသုသဂါရဝတာ။မေမ္မအပစိတိယထာဘူတံ။သံယေစစိတ္တိကာရော။ဧတံသမဏာသပဋ္ဌာနံ။

၃။ အာစာရဂေါစရေယုတ္တော။ အာဇီဝေါသောဓိတော အဂါရဝေယျော။စိတ္တဿစသဏ္ဌာပနံ။ဧတံသမဏာသပဋ္ဌာနံ။

၄။ စာရိတ္တံ အထ ဝါရိတ္တံ။ ဣရိယာပထိယံ ပသာဒနိယံ။ အဓိစိတ္တေစအာယောဂေါ။ဧတံသမဏာသပဋ္ဌာနံ။

၅။ အာရညကာနိသေနာသနာနိ။ပန္တာနိအပ္ပသဒ္ဒါနိ။ဘဇိတဗ္ဗာနိမုနိနာ။ဧတံသမဏာသပဋ္ဌာနံ။

၆။ သီလဉ္စဗာဟုသစ္စဉ္စ။ ဓမ္မာနံပဝိစယော ယထာဘူတံ။ သစ္စာနမဘိသမယော။ဧတံသမဏာသပဋ္ဌာနံ။

၇။ ဘာဝေယျ အနိစ္စန္တိ။ အနတ္တသညံ အသုဘသညဉ္စ။ လောကမှိစအနဘိရတိံ။ဧတံသမဏာသပဋ္ဌာနံ။

၈။ ဘာဝေယျစဗောဇ္ဈင်္ဂေ။ဣဒ္ဓိပါဒါနိန္ဒြိယာနိဗလာနိ။ အဋ္ဌင်္ဂမဂ္ဂမရိယံ။ဧတံသမဏာသပဋ္ဌာနံ။

၉။ တဏှံ ပဇဟေယျမုနိ။ သမူလကေ အာသဝေ ပဒါလေယျ။ဝိဟရေယျဝိပ္ပမုတ္တော။ဧတံသမဏာသပဋ္ဌာနန္တိ။

ပါဠိတော်ပြီးပြီ။

## သမဏာပဋိရူပကိုးဂါထာအနက်။

၁။ ဋ္ဌခေဝ။ ဤသာသနာတော်၌သာလျှင်၊ ကလျာဏံ။ ကောင်းသော်မိတ္တဉ္စ။အဆွေခင်ပွန်းရင်း။သိက္ခါဝိပုလသမါဒါနံ။ နိဗ္ဗာန်ဆောင်တတ်ကြီးမြတ်လွန်ကဲသော၊ အဓိသီလသိက္ခာ။ အဓိစိတ္တသိက္ခာ၊အဓိပညာသိက္ခာတို့ကို။ကောင်းစွာစင်ဖြူ။ ခံယူဆောက်တည်ခြင်းရင်း။ဂရုနံ။ကလျာဏမိတ်။ကွပ်နှိပ်ဆုံးမ။ဖြေသတတ်စွာသော။ ဆရာဥပဇ္ဈာယ်တို့၏။ ဝါ။တို့အား။ သုဿုသာစ။ဆုံးမစကား။ မှတ်သားနာခံလိုခြင်း။ ဝတ်ကြီးဝတ်ငယ်လွှဲပယ်မထားခစါးလုပ်ကျွေးခြင်းရင်း။ဧတံ။ ဤကလျာဏမိတ်ကိုမှီဝဲခြင်း။အဓိသိက္ခာ။မြတ်သုံးဖြာကို။ကောင်းစွာစင်ဖြူ။ခံယူဆောက်တည်ခြင်း။ဆရာဥပဇ္ဈာယ်တို့၏။ ဆုံးမစကား။ မှတ်သားနာလိုခြင်း။ ဆရာပဇ္ဈာယ်တို့အား။ ခစား လုပ်ကျွေးခြင်းသဉ်။သမဏာသ။မကောင်းမှုကို။မပြုကြဉ်ဘဲ။အမြဲမပြတ်။ငြိမ်းစေတတ်သောရဟန်းအား။ပဋိရူပံ။လျောက်ပတ်သောအကျင့်သဘောတည်း။

ဤဂါထာ၌။ဋ္ဌစေဟူ၍ရင်း။ ဋ္ဌခေဝဟူ၍ရင်း။ ပါဌ်နှစ်ထွေရှိကြသည့်တွင်။ ကလျာဏမိတ်။ သိက္ခာဝိပုလသမာဒါန။ စသောဝိသယီ။ အာဓေရ်တရားကိုယ်တို့ကို။ ထောက်သဖြင့်။ သာသနာတော် ဝိသယအာဓာရ၏။ အညဝါဒီ။လောကီမုနိ။တိတ္ထိပရဗိုဇ်တို့၏အဆုံး အမကဲ့သို့။ ပရိကပ္ပိတ။ ဝိပရိတတ္တသဘောမဖြစ်။ အတိတ်၌ကဿပ။ မိတေယျ အနာဂတ်။ စသည်ဖြင့်မှတ်အပ်သော သဗ္ဗညုအဆူဆူ။ သယမ္ဘူဟူသမျှတို့၏။ အဆုံးမသာသနာတော်တို့နှင့်အတူ။ တမူတည်းမချွတ်သဖြင့်။နိဝတ္တေတဗ္ဗ။အနုညါတတ္တနှင့်တကွပြအပ်သောသန္နိဋ္ဌာန်ပုဒ်ဖြစ်ရကား။ ဋ္ဌခေဝဟူ၍။ ဧဝသဒ္ဒါနှင့် ရှိသောပုဒ်ကိုသာ။ ယူတတ္တရဟု။ရုဠ္ဍနဖြစ်သင့်ပါသတည်း။ ။ဤ၌။နိဝတ္တေတဗ္ဗ အနက်။ အနုညာတအနက်ကို။ ဉာဏ်သက်၍ယူကြကုန်။ ။ သိက္ခာဝိပုလ၏အရ။ အဓိသိက္ခာသုံးပါးတို့တွင်။ပါတိမောက္ခ

သံဝရသီလသည်။ အဓိသီလသိက္ခာမည်၏။ ဈာန်သမာဓိနှင့် ယှဉ်သောစိတ်သည်။ အဓိစိတ္တသိက္ခာမည်၏။ ဝိပဿနာမဂ် ပညာသည်။အဓိပညာသိက္ခာမည်၏၊ဤသိက္ခာသုံးပါးကိုမဖြစ် ဖြစ်အောင်။မပြည့်ပြည့်အောင်။ ဆောက်တည်အားထုတ်ခြင်း သည်။သိက္ခာသုံးပါးကိုဖြည့်သည်မည်၏။ဤသိက္ခာသုံးပါးကို။ ဖြည့်ခြင်းသည်သာ။ သမဏကိစ္စ။ သမဏအမှု။ သမဏအ လုပ်မည်၏။ဥယျာဉ်စိုက်ပြု။လူမှုဆောင်ရွက်။ဆေးတက်လှည်း နွား။ ဆေးဝါးခလဲ့။ လက်ဖွဲ့စိရင်။ဗေဒင်လုပ်ရပ်စသည်တို့ကို။ ပြုလုပ်လေ့လာကြသည်ကား။ သမဏကိစ္စမဟုတ်။ဗာဟိရအ လုပ်။အသာရပ္ပအကျင့်သာတည်း။ ။သုဿုသာသဒ္ဒါသည်။ သောတုကမျတ္တ။ ပရိစရိယတ္တနှစ်ပါးသင့်။ ယင်းနှစ်ပါးတွင်။ သောတုကမျတ္တနှင့်။သမ္ဗန္ဓပြုခိုက်။ ဂရူနံသည်။သာမျတ္တ။ပါရိ စရိယတ္တနှင့်။သမ္ဗန္ဓပြုခိုက်။ သမ္ပဒါနတ္တတည်း။ ဂရူနံဟူသော ပုဒ်သည်။အနက်နှစ်ပါးကိုငဲ့သောကြောင့်။ကာကေဝလောကန နည်း။ သုဿုသာသဒ္ဒါသည်။ သဟသေယျိဋ္ဌ သေယျာသဒ္ဒါ ကဲ့သို့။ သာမညနိဒ္ဒေသနည်း။ ဧကသေသနည်း ပဒိပနည်း တည်း ဤနည်းတို့ကိုမှတ်သဖြင့်။ သုဿုသာစဂရူနဉ္စဂရူနံ အာစရိယုပဇ္ဈာယာနံကလျာဏမိတ္တာနံသြဝါဒသာ။ သောတု ကမျတာပါရိစရိယာစ။ဟူ၍။အဋ္ဌကထာဘွင့်သော်။

ပဌမဂါထာအနက်ပြီးပြီ။

---

၂။ ဗုဒ္ဓေသု။ သဗ္ဗညုဘုရားတို့၌။ သဂါရဝတာ။သမ္မာ သမ္ဗုဒ္ဓ။ အနုတ္တရ။ လောကဝိဒူ။ သယမ္ဘူ။နတ်။မြတ်ထက်မြတ် သောဘုရားပေတည်းဟု။အလေးအမြတ်။အမြဲမှတ်၍။ မပြတ်ရို သေခြင်းရင်း။ဓမ္မေ။မဂ်လေးတန်ဖိုလ်လေးတန်။နိဗ္ဗာန်ပရိယတ် ပရမတ္တသဘာဝ။အရိယတရား၌။ယထာဘူတံ။ သွာက္ခာတ။က စသည်လက္ခဏာ။ဟုတ်မှန်စွာသဘောအားဖြင့်။အပစိတိစ။ပူ ဇော်ခြင်းရင်း။ သံဃေ။မဂ္ဂဖလဋ္ဌာန်။လေးတန်ရှစ်ဆိုင်း။ဂိုဏ်း

အရိယာ။မြတ်သဃ်ာ၌။စိတ္တိကာရောစ။ မြတ်နိုးကော်ရော်။ပူဇော်ရိုသေခြင်းရင်း။ဧတံ။ ဤရတနာမြတ်။ ဥက္ကဋ္ဌထွတ်ဖျား။နတ်သုံးပါးကို။ ညွတ်တွားစုံမက်။နှစ်သက်မကင်း။ ရိုသေခြင်းသည်။သမဏာသာ။ရဟန်းအား။ ပဋိရူပံ။လျောက်ပတ်သောအကျင့်သဘောတည်း။

ဤနိုက်။ ဂါရဝသဒ္ဒါ။ အပစိတိသဒ္ဒါ။ စိတ္တိကာရသဒ္ဒါတို့သည်။သဒ္ဒါအားဖြင့်အထူးပြု၍ထားသော်လည်း။ ရတနတ္တယဂါရဝအနက်အားဖြင့်။အတူတူသာတည်း။ ထို့ကြောင့်။ယင်းအဋ္ဌကထာ၌။ ဗုဒ္ဓေသုသဂါရဝတာတိ သဗ္ဗညုဗုဒ္ဓေသုသမ္မာသမ္ဗုဒ္ဓေဘဂဝတိ ဂါရဝယောဂေါဂရုစိတ္တိကာရော။ ဓမ္မေအပစိတိယထာဘူတန္တိ အရိယဓမ္မေယထာထာဝတော အပစာယနံအာဒရေန အဘိပူဇနံ။သံဃေတိအရိယသံဃေ။ စိတ္တိကာရောတိ သက္ကာရောသမ္မာနနံ။ ဧတန္တိရတနတ္တယဂရုကရဏံ။ ဟူ၍မိန့်သတည်း။ ။ဤသုံးပါးတို့တွင်။ဗုဒ္ဓဂါရဝဟူသည်။ သဗ္ဗညုမြတ်စွာဘုရား။ထင်ရှားရှိသော်။ထံတော်အပါး။ ခစားသွားရောက်ခြင်း။ပရိနိဗ္ဗာန်စံလွန်ပြီးသောယခုအခါနိုက်ကား။ စေတီဗောဓိသို့။ အခအစားသွားရောက်ခြင်း။ရှိခိုးခြင်း။ ယင်းစေတီတော်ရင် ပြင်နိုက်။ ထီးဘိနပ်ကို ပယ်ချွတ်ခြင်းသည်။ ဗုဒ္ဓဂါရဝမည်၏။ တတ်နိုင် အားသော်။ တရားနာကိုယ်တိုင်သွားခြင်း။တရားကျမ်းဂန်ကို။ ပြန်အံသရဇ္ဈာယ်ခြင်း။တရားစကားသူတပါးအား။ ဟောကြားခြင်း။ တရားနာအစဉ်အလှည့်ကိုမဖျက်။ကိုယ်တိုင်တရားနာသွားခြင်း။မပြန့်မလွင့်။အတည်အကြည်။ရိုသေလေးမြတ်စွာနေ၍နာခြင်းသည်။ ဓမ္မဂါရဝမည်၏။ သံဃဂါရဝဟူသည်။ သီတင်းကြီးသီတင်းငယ် သီတင်းလတ်တို့ကို။ အရိုအသေခရီးဦးကြိုဆိုခြင်း။ ဥပုသ်အိမ်သိမ်အပြင်။ကမ္မဋ္ဌာန်းကျောင်းစသည်တို့နိုက်။ကိုယ်မူကြမ်းကြုတ်စွာမပြုခြင်း။သီတင်းကြီးစဉ်အတိုင်းရှိခိုးခြင်းသည်။ သံဃဂါရဝမည်၏။ဤသို့။ ရတနာသုံးပါးတို့ကို။ အရိုအသေပြုခြင်းသည်။

သမဏာပဋိရူပမည်၏။ထိုမှပြန်သဖြင့်။ရတနာသုံးပါးတို့ကို။ အ
ရိုအသေမပြုခြင်းသည်။သမဏာအပဋိရူပမည်၏။

ဒုတိယဂါထာအနက်ပြီးပြီ။

---

၃။ အာစာရဂေါစရေ။ကိုယ်ဖြင့်မလွန်ကျူးအပ်နှုတ်ဖြင့်
မလွန်ကျူးအပ်သောအရာ။ သိက္ခာပုဒ်ဟူသမျှတို့ကို။မကျူးမ
လွန်ခြင်းဟုဆိုအပ်သောအကျင့်။ဆွမ်းစသည်အကျိုးငှာ။ကပ်
သင့်ရာဖြစ်သော။ ကျက်စားရာဂေါစရနှင့်။ယုတ္တော၊ ယှဉ်
ခြင်းရှိ။ သောဝိတော။ ဘုရားမြတ်စွာ။ ရှိုရှာစက်ဆုပ် အပ်
သော။ ဝါးပေးခြင်းစသော။အနေသနအမှုတို့ကို။မပြုမကျင့်။
ပယ်လွှင့်သုတ်သင်။ စင်ကြယ်သန့်ရှင်းစေသည်ဖြစ်၍။ အဂါရ
ဝေယှာ။ပညာရှိပေါင်းသူတော်ကောင်းတို့။နှစ်ထောင်းယုံမှတ်။
မကဲ့ရဲ့အပ်သော။ အာဇီဝေါ။အသက်မွေးခြင်းရှိ။ စိတ္တသာ။
စိတ်ကို။သဏ္ဍာပနံ။စက္ခုန္ဒြိရ။စသည်အပြား။ ခြောက်တံခါး
နှိက်။ခြံပါးအာရုံ။တွေ့ကြုံသမျှ။ဇာဠ္ဂအနိဋ္ဌတို့နှိက်။ အဘိဇ္ဈာ
ဗျာပါဒ။ပါပဆိုးညစ်။မဖြစ်စေရ။မြင်ကမြင်ရုံ။ကြားကကြားရုံ။
မတုန်မလှုပ်။တည်းချုပ်ကောင်းစွါ။သမ္ဘာဖြောင့်စင်း။ထားနိုင်
ခြင်းရှိ။ ဧတံ။ဤအာစာရဂေါစရသမ္ပတ္တိ။ အာဇီဝပါရိသုဒ္ဓိ။
ဣန္ဒြိယသံဝရတ္တဒွါရတာဟုဆိုအပ်သောသုံးပါးသည်လျှင်။ သ
မဏာသ။ ရဟန်းအား။ ပဋိရူပံ။လျှောက်ပတ်သောအကျင့်သ
ဘောတည်း။

အာစာရဂေါစရေယုတ္တောတိကာယိကဝါစသိကဝိတိက္ကမ
နသဉ်္ခါတံအနာစာရံပိဟ္ဟာယုပါတာဒိနံအတ္တာယဥပသင်္ကမိတုံအ
ယုတ္တဋ္ဌာနဘူတံဝေသိယာဒိအဂေါစရဥ္စပဟာယကာယိကဝါ
စသိက အဝိတိက္ကမနသဉ်္ခါတေနအာစာရေန ပိဏ္ဍပါတာဒိနံ
အတ္တာယဥပသင်္ကမိတုံယုတ္တာဋ္ဌာနေန ဂေါစရေနစယုတ္တော
သမ္ပန္နော။ သမ္ပန္နအာစာရဂေါစရောတိအတ္တော။ ဧင်းအဓိ္ပာက
ထာ။ ။မထေရ်ကြီးတို့ကိုထိပါး၍ရပ်ခြင်း။ ထိပါး၍ထိုင်ခြင်း။

ရှေ့တည့်တည့်က ရပ်ခြင်း။ ထိုင်ခြင်း။ အမြင့်ကနေခြင်း။ ဦး
ခေါင်းခြုံ၍နေခြင်း။ရပ်၍ပြောခြင်း။ လက်ရုံးဝဲရမ်းဆန့်တန်း၍
ပြောဆိုခြင်း။ မထေရ်ကြီးတို့ဘိနပ်မစီးဘဲစင်္ကြံ သွားကုန်စဉ်။
မိမိဘိနပ်နှင့်တကွ။စင်္ကြံသွားခြင်း။အနိမ့်ကစင်္ကြံသွားကုန်စဉ်။
အမြင့်ကစင်္ကြံသွားခြင်း။ မြေ၌စင်္ကြံသွားကုန်စဉ်။ စင်္ကြံထက်
စင်္ကြံသွားခြင်း။ မထေရ်ကြီး တို့ကို။ တိုး၍ရပ်ခြင်း ထိုင်
ခြင်း။သီတင်းငယ်တို့နေရာကိုမြစ်ခြင်း။ အမျိုးမိန်းမ အမျိုးသမီး
တို့နေရာသို့။ အဆောတလျင်။ထွက်ဝင်သွားလာခြင်း။ သူငယ်
တို့ဦးခေါင်းကိုသုံးသပ်ခြင်းစသည်သည်။ ကိုယ်ဖြင့် လွန်ကျူး
သော။ကာယိကအနာစာရမည်၏။ထိုသို့မလွန်ကျူးခြင်းသည်။
ကာယိကအာစာရမည်၏။ မထေရ်ကြီးတို့ကို။ မပန်ဘဲတရား
ဟောခြင်း။ပြဿနာဖြေခြင်း။ပါတိမုက်ပြခြင်း။ရင်လျက်ပြော
ခြင်း။လက်ရုံးဝဲရမ်းဆန့်တန်းပစ်ကာ ပြောဆိုခြင်း။ရွာတွင်းဝင်
သော်။မည်သူတို့ရှိ၏လော။မည်သည့်အမျိုးရှိ၏လော။ ယာဂု
ရှိ၏လော။ ထမင်းရှိ၏လော။ခဲဘွယ်ရှိ၏လော။ သောက်ကြရို။
ခဲကြရို။ငါတို့အဘယ်ပေးကြမည်နည်းဟု ဆိုခြင်းသည်။ဝါစ
သိကအနာစာရမည်၏။ထိုသို့မပြောမဆိုမလွန်ကျူးခြင်းသည်
ဝါစသိကအနာစာရမည်၏။ တနည်း။ ကိုယ်ဖြင့်လွန်ကျူးခြင်း။
နှုတ်ဖြင့်လွန်ကျူးခြင်း။နှစ်ပါးစုံလွန်ကျူးခြင်း။ အလုံးစုံဒုဿီလ
အကျင့်။ဝါးပေးခြင်း။ သစ်ရွက်ပေးခြင်း။ ပန်းပေးခြင်း။ သစ်
သီးပေးခြင်း။ရေချိုးကသည့် မုန့်ပေးခြင်း။ ဒန်ပူပေးခြင်း။ မိမိ
ကိုယ်ကိုကျွန်ကဲ့သို့နှိမ့်ချ၍။ ဒါယကာ တို့ကို မြှောက်ခြင်း။ ပဲ
နောက်ဟင်းကဲ့သို့ မမှန်တချို့မှန်တချို့ ကြံ့ချည်မြှောက်ချည်။
ဒါယကာတို့ကိုပြောခြင်း။ထိန်းရအတူ။ ရွာသူသားငယ်တို့ကို
ချီပိုးခြင်း။သလုံးမြင်းခေါင်းဖြင့်။လူတို့အစေအပါးခံခြင်း။ဆေး
ကုခြင်းစသော။ ဘုရားစက်ဆုပ်တော်မူအပ်သော။ မိစ္ဆာဇီဝ
ဖြင့်အသက်မွေးခြင်းသည်။ အနာစာရမည်၏။ ထိုသို့မပြုခြင်း
သည်။အာစာရမည်၏။ ။ပြည့်တန်းဆာ။ရုတ်ဆိုးမ။အပျိုကြီး။

ပဏ္ဏာကြက် ဘိက္ခုနီ။ သေတင်းကုပ်တို့၌။ ကျွမ်းဝင်အမြဲ။ မှိဝဲဆွမ်းခံခြင်း။ မင်း။ မင်းအမတ်။ တိတ္ထိ။ တိတ္ထိယသာဝကတို့နှင့် မသင့်သောရောနှောခြင်းစသည်သည်။ အဂေါစရမည်၏။ ထိုသို့မပြုခြင်းသည်။ ဂေါစရမည်၏။ တနည်း၊ သီလကထာသမာဓိကထာစသောဂုဏ်နှင့် ပြည့်စုံသော ကလျာဏမိတ်သည်။ ဥပနိဿယဂေါစရမည်၏။ ရွာတွင်းသို့ဝင်သည်ရှိသော်ဩက္ခိတ္တစက္ခုစသည်ပြု၍သွားခြင်းသည်။ အာရက္ခဂေါစရမည်၏။ သတိပဋ္ဌာန်စသည်ကမ္မဋ္ဌာန်း၌။ စိတ်ကိုအမြဲဖွဲ့ခြင်းသည်။ ဥပနိဗန္ဓဂေါစရမည်၏။ ဤသို့အကျဉ်းမှတ်ရာသတည်း။ ။အာစာရဂေါစရသမ္ပန္နော ဟောတိ ဝေဠုဒါနာဒိ ဗုဒ္ဓပဋိကုဋ္ဌအနေသနံ ပဟာယ အနဝဇ္ဇပ္ပါဒေ ပစ္စယေ သေဝန္တော အာစာရ ဂေါစရ ဝေါဟာ တိ သုဝိသုဒ္ဓေါ။ သောမိတတ္တာ ဝေ အာဂါရယော ဝိညူ ဟိ။ ငှင်းအဋ္ဌကထာ။ ။ဝါးပေးခြင်းစသော။ ဗုဒ္ဓပဋိကုဋ္ဌ။ လာဘ်ပူဇော်အကျော်အစောကိုတောင့်တ။ ပါပိစ္ဆသဘော နှိပ်စက်သည်ဖြစ်၍။ ပစ္စည်းဘိတ်လှူသည် ရှိသော်။ အလို နည်းဟန်။ ပယ်လှန်ပြုလျက်။ သူကတက်၍။ လှည်းထက်တင်ဆောင်။ လှူအောင်တခု။ အံ့ဘွယ်ပြုခြင်း။ ပစ္စယပဋိသေဝန။ ဈာန်မဂ်ဖိုလ်အရ။ အနီးပြုလျက်။ မွက်ဟာထိုထို။ ပြောဆိုသမှု။ အံ့ဘွယ်ပြုခြင်း။ သာမန္တဇပ္ပန။ ခြိမ်းမွမ်းစေလိုသော။ အလိုဖြင့်။ ဣရိယာ ပုထ်။ ပြုပြင်သိမ်းချုပ်။ မျက်မှောင် ကုပ်လျက်။ အဟုတ် သဘွယ်။ ညာဘယ်မရှု။ အံ့ဘွယ်ပြုခြင်း။ ဣရိယာပထသန္နိသိတဟုဆိုအပ်သော။ သုံးပါးသောကုဟနဝတ္ထု။ ကျောင်းသို့ရောက်လာ။ လှူတကာကို။ ပင့်လာသလော။ ပဇာလောဟု။ သဘောစရှု။ စကားပြုခြင်း။ မင်းကြီးမှူးမတ်၊ လေးမြတ်သောငါ။ မင်းဆရာဟု။ ကြွားကာမောက်ရို။ မိမိကိုယ်ကို။ တင်ဆိုပြောဟောခြင်း အာလပန။ သူတပါးတို့မေး၍ ပြောခြင်းလပန။ ညွှတ်၍ ပြောခြင်း သလ္လပန။ ပင့်၍တင်၍ပြောခြင်းဥလ္လပန။ အချင်းခပ်သိမ်း ပင့်၍တင်၍ပြောခြင်းသမုလ္လပန။ ရစ်၍ပြောခြင်းဥန္နဟာန။ အချင်းခပ်

သိမ်းအဘန့်ဘန် ရစ်၍ပြောခြင်း။ သရနှပဟ။ မြှောက်၍ပြောခြင်း။ဥက္ကာစန၊အချင်းခပ်သိမ်း။အဘန်ဘန်မြှောက်၍ပြောခြင်းသမုက္ကာစန။မှန်သည်အလျောက်သဘောအတိုင်းမရှု။ချစ်ဘွယ်မှုကိုသာပြောခြင်း။အနုပိယဘာဏိတာ၊ ကိုယ်ကိုအောံထားကာအောံထါးကာပြောခြင်းစာဍုကမျတာ။ပဲနော်ဟင်းနှင့်အတူ။ မမှန်တချို့မှန်တချို့ပြောခြင်း မုဂ္ဂသုပျတာ၊ ထိန်းရအတူရှာသူသားငယ်တို့ကိုချီပိုးထိန်းရခြင်းပါရိဘဋျတာ။ဟုဆိုအပ်သော။လပနဝတ္ထု။ အမှတ်မရှိ။ သူတပါးတို့ပစ္စည်း လှူခြင်းအမှတ်ကိုဖြစ်စေခြင်းနိမိတ္တ။အမှတ်ပြုခြင်းနိမိတ္တကမ္မ၊ပစ္စည်းနှင့်စပ်သောစကားကိုပြောခြင်းဩဘာသ။ သူတပါးကိုကြားစေ၍လှူစေခြင်း ဩဘာသကရဏ။မိမိအလိုရှိသောဝတ္ထုအနီးပြု၍မလှူမနေသာအောင်ပြောခြင်းသာမန္တဇပ္ပန။ သူတပါးပစ္စည်းကိုမရရအောင်တသည့်လည်ပြောခြင်းပရိကထာ။ ဟုဆိုအပ်သောနေမိတ္တိကထာ၊ မလှူမနေဝံ့အောင်ဆဲရေးခြင်း အက္ကောသ၊ချုတ်ချယ်ခြင်းဝမ္ဘန။ပြစ်တင်ကဲ့ရဲ့ခြင်းဂရဟာ။စကားကိုပယ်ခြင်း၊အလှူရှင်ကြီးပေဟုမြှောက်ပြီးခြင်းဥက္ခေပန။အချင်းခပ်သိမ်းပယ်ခြင်း။ အလှူရှင်ကြီးပေဟုပြင်းစွာမြှောက်ပြီးခြင်းသမုက္ခေပန။ပြုရယ်မှုခြင်းခိပန။ပြင်းစွာပြုရယ်မှုခြင်းသံခိပန။ကျေးဇူးမဲ့သို့ရောက်စေခြင်းပါပန။အချင်းခပ်သိမ်းရောက်စေခြင်းသမ္ပာပန။ အရပ်တပါးသို့ကျေးဇူးမဲ့ကိုဆောင်ခြင်း အဝဏ္ဏ ဟာရိတာ။မျက်မှောံနာဘွယ်။ မျက်ကွယ် ကျေးဇူးမဲ့အတင်း ပြောခြင်းပရပိဋ္ဌိမံသိကာဟု ဆိုအပ်သောနိပ္ပေသိကတာ။ ဤအိမ်မှရသောပစ္စည်းကိုထိုအိမ်သို့။ ထိုအိမ်မှရသော ပစ္စည်းကို ဤအိမ်သို့ဆောင်၍။အနည်းငယ်ပစ္စည်းဖြင့်။များသောပစ္စည်းကို။လှည့်ပတ်၍အဆင့်ဆင့်အတန်တန်၊တဘန်ရှာမှီးခြင်းဟုဆိုအပ်သော လာဘေနလာဘံနိဇိဂိသနတာ။အစရှိသောမိစ္ဆာဇီဝအာနေသနတို့ကို ပယ်၍။ အပြစ်မရှိသော ပစ္စည်းတို့ကို မှီဝဲသုံးဆောင်ခြင်းသည်အသက်မွေးခြင်းကို သုတ်သင်သည်မည်၏။

ဤကားအာဇီဝပါရိသုဒ္ဓိသီလတည်း။ဤသို့အကျဉ်းမှတ်လေ။ ။ စက္ခုသသညာ္ဘပန္နက်ယထာစက္ခုဒ္ဒါရေဟိရူပါဒိအာရမ္မဏေ သုအဘိဇ္ဈာဒယောနပဝတ္တန္တိ။ ဖေံဝိဓေဒွဒိဖွမတ္တာဒိ ဝသေန စက္ခုသသညာ္ဘပန္နံဖုင်းအမှုကထာ။ ။စက္ခုဒွါရစသည်တို့မှ။ ရူပါရုံစသည်တို့၌။အဘိဇ္ဈာစသည်တို့မဖြစ်အောင်။ မြင်သော် မြင်ရုံမျှစသည်ဖြင့်။ စိတ်ကိုထားခြင်းတည်း။ အဘယ်သို့ထား ရာသနည်း။မျက်စိဖြင့်အဆင်းကိုမြင်သော်။ ရင်သားသမြတ်။ ဆံထုံး။ ဥဒေသျှာင်စသည်။ မိန်းမအမှတ်၊ ယောကျ်ားအမှတ်၊ ဇာတ္တိနိမိတ်ပုရိသနိမိတ်ကိုဖုင်း။ရာဂဖြစ်ကြောင်းဖြစ်သော။ လှ ပတင့်တယ်။ နှစ်သက်ဘွယ်ရှိ၏ဟူသော။သုဘနိမိတ်။ဒေါသ ဖြစ်ကြောင်းဖြစ်သော။မနှစ်သက်ဘွယ်။ မတင့်တယ်ဟူသော ပဋိဃနိမိတ်။မောဟ၏ အကြောင်းအာရုံဖြစ်သော။ဥပေက္ခာနိ မိတ်ကိုဖုင်း။ မိန်းမ၊ ယောကျ်ား၏။ ရင်သားသမြတ်။ ဆံထုံး။ ဥဒေသျှာင်စသည်ဟူ၍လည်း မယူ။ လှပတင့်တယ်။ နှစ်သက် ဘွယ်ရှိ၏ဟူ၍လည်း ရာဂဖြင့်မယူ။ မနှစ်သက်ဘွယ်။ မတင့် တယ်ဟူ၍လည်း ဒေါသဖြင့်မယူ။ ဟုတ်မှန်သည် သဘာဝအ တိုင်းမသိမမြင်မဆင်ခြင်မှု၍လည်းမောဟဖြင့်မယူ။ရှုချဆတ် ဆတ်။ ပရမတ္ထသဘာဝအားဖြင့်။ လက်ခြေဦးခေါင်းစသော မည်သည်တစုံတခုမျှမရှိသဖြင့်။ ထိုထိုသို့သောအနေ။ အထွေ ထွေအပြားပြား။ရုံးဖြစ်ပေါ်သော။မဟာဘုတ်ဥပါဒါရုပ်တို့၏ သဏ္ဌာန်ဖြစ်သောအစိတ်အပိုင်းအင်္ဂါကြီးငယ်သဏ္ဌာန်ဟုဆို အပ်သောအနုဗျဉ္ဇနတို့ကိုလည်းလက်ခြေဦးခေါင်းစသည်ဟူ ၍မယူ။အဘယ်သို့ယူသနည်း။ရေ၊ဆီ၊နို့သာ၊အဝတ်တန်ဆာ၊ရ တနာတို့ဖြင့်။ မဆေးမကြော၊မသုတ်မလိမ်း၊မဖုံးမလွှမ်း၊ မဆင် မယင်။ပကတိမွေးမြင်ဖြစ်ဘွားတိုင်းသဘောရင်းစင်စစ်သည့် ကား။နှစ်သက်ရှုခြင်စံရာမရှိစက်ဆုပ်ရွံရှာဘွယ်အတိမှုသာဖြစ် သောဆံ၊အမွေး၊လက်သည်း၊ခြေသည်း၊သွား၊ အရေ၊အသား၊ အကြော၊အရိုး၊ခြင်ဆီအစရှိကုန်သောသုံးဆဲ့နှစ်ပါးသော။ရှုမြင်

မလှ။ အသုဘသာတည်း၊ မိန်းမယောကျ်ားသတ္တဝါ ပုဂ္ဂိုလ်ဟူ၍၊မှတ်ယူစွဲလမ်းစရာမရှိ။ မိန်းမယောကျ်ားမည်သည်။ အမည်သညာ၊ပညတ်ဝေါဟာရမျှဖြစ်၍။ အသီးအခြား။ မှတ်သားခေါ်ဝေါ်ရုံသာတည်းဟူ၍အသုဘအားဖြင့်ယူ၏။ ခက်ထန်ခိုင်မာ၊ မြေမျှသာဖြစ်သောပထဝီဓာတ်။ အရေသွက်သွက်၊ စက်စက်ယိုစွာ၊ ရေမျှသာဖြစ်သော အာပေါဓာတ်။ ပူရှိန်ချမ်းမြေ့အငွေ့မျှသာဖြစ်သောတေဇောဓာတ်။ လှုပ်ရှား တောင့်တင်းတဘ်စွာ။လေမျှသာဖြစ်သောဝါယောဓာတ်။ယင်းမြေ။ရေ။မီး။လေတဦးဟူသော။ဓါတ်လေးပါးတို့၏၊အဆင်းမျှသာဖြစ်သောဝဏ္ဏ၊ဓါတ်လေးပါးတို့၏အနံ့မျှသာဖြစ်သောဂန္ဓ။ဓါတ်လေးပါးတို့၏ အရသာမျှသာဖြစ်သောရသ။ ဓါတ်လေးပါးတို့၏ ပျံ့နှံ့ခြင်းမျှသာ ဖြစ်သော ဩဇ။ ဤဘူတရုပ် ဥပါဒါရုပ်တို့ မျှသာတည်း။ ဤဘူတရုပ်ဥပါဒါ ရုပ်တို့မှတပါး။ မိန်း မယောကျ်ား ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ။အမည်သညာ။ပညတ်ဝေါဟာရမျှသာဖြစ်၍။ အသီးအခြား။ တင်စားခေါ်ဝေါ်ရုံသာတည်းဟူ၍ဘူတရုပ်ဥပါဒါရုပ်တို့ကို၊ သိမ်းဆည်းပိုင်းခြား။ မှတ်သောအားဖြင့်။ ပညတ်နိမိတ်၊ အနုဗျဉ္ဇနတို့ကို ၎ါ၍ယူ၏။ ဤသို့အဆင်းကိုမြင်သည်ရှိသော်။ဣဋ္ဌရူပါရုံ၌။ရာဂမဖြစ်အောင်။ အသုဘအားဖြင့်ဆင်ခြင်ခြင်း။အနိဋ္ဌရူပါရုံ၌။ဒေါသမဖြစ်အောင်။ သတိဆောင်၍။ဓာတ်အားဖြင့်ဆင်ခြင်ခြင်း။ အညာဏုပေက္ခာရူပါရုံ၌။မောဟမဖြစ်ရအောင်။သတိဆောင်၍။အသုဘအားဖြင့်ရင်း။ ဓာတ်အားဖြင့်ရင်း။ ဆင်ခြင်ခြင်းသည်။ မြင်သော် မြင်ရုံမျှ။ စိတ်ကိုထားသည်မည်၏၊ ဤကား ရူပါရုံ၌။ စိတ်ကိုထားသော အရာတည်း။ ။အသံ၌၊ မိန်းမသံ ယောကျ်ားသံ ဟူသောနိမိတ်။ ဣဋ္ဌာရုံဖြစ်သော သုဘနိမိတ်။အနိဋ္ဌာရုံဖြစ်သော ပဋိဃနိမိတ်။ မောဟ၏အာရုံဖြစ်သောဥပေက္ခာနိမိတ်။ သံသာ။သံညှင်း။သံပြင်းသံပြတ်စသော အခြင်းအရာဟုဆိုအပ်သော။ အနုဗျဉ္ဇန။ ဤနိမိတ်။အနုဗျဉ္ဇနတို့ကိုမယူ။ စက်ဆုပ်ဘွယ်အတိဖြစ်သော

အသုဘာကာရ၊ ဓါတ်လေးပါးတို့၏ စက်ဆုပ်ဘွယ်ဖြစ်သော။
အသံမျှသာတည်းဟူ၍ယူ၏။အနံ့၌။ မိန်းမနံ့ ယောက်ျားနံ့ ဟူ
သောနိမိတ်။ဣဋ္ဌာရုံဖြစ်သောသုဘနိမိတ်၊ အနိဋ္ဌာရုံဖြစ်သော။
ပဋိဃနိမိတ်။ မောဟ၏အာရုံဖြစ်သောဥပေက္ခာနိမိတ်။ သင်း
သင်းထုံထုံ။ ပဒုံမာနံ့၊စန္ဒကူးနံ့စသော အခြင်းအရာ ဟုဆိုအပ်
သောအနုဗျဉ္ဇန။ဤနိမိတ်။အနုဗျဉ္ဇနတို့ကိုမယူ။ စက်ဆုပ်ဘွယ်
အတိဖြစ်သော အသုဘာကာရ။ ဓါတ်လေးပါးတို့၏ စက်ဆုပ်
ဘွယ်ဖြစ်သောအနံ့မျှသာတည်းဟူ၍ယူ၏။ ။အရသာ၌လည်း။
မိန်းမအရသာ။ယောက်ျားအရသာဟူသောနိမိတ်၊ ဣဋ္ဌာရုံဖြစ်
သောသုဘနိမိတ်။ အနိဋ္ဌာရုံဖြစ်သော။ပဋိဃနိမိတ်။မောဟ၏
အာရုံဖြစ်သော။ ဥပေက္ခာနိမိတ်။ချိုချဉ်စပ်ငန်စသော။ အခြင်း
အရာဟုဆိုအပ်သော။အနုဗျဉ္ဇန။ဤနိမိတ်။အနုဗျဉ္ဇနတို့ကိုမယူ။
စက်ဆုပ်ဘွယ်အတိဖြစ်သော။အသုဘာကာရ။ဓါတ်လေးပါး
တို့၏၊ စက်ဆုပ်ဘွယ် ဖြစ်သော။ အရသာမျှသာတည်း ဟူ၍
ယူ၏၊အတွေ့၌လည်း။မိန်းမအတွေ့။ယောက်ျားအတွေ့ဟူသော
နိမိတ်။ ဣဋ္ဌာရုံဖြစ်သောသုဘနိမိတ်။ အနိဋ္ဌာရုံဖြစ်သောပဋိဃ
နိမိတ်။မောဟ၏အာရုံဖြစ်သော။အခြင်းအရာဟုဆိုအပ်သော။
ဥပေက္ခာနိမိတ်။နူးနူးညံ့ညံ့ခံ့ခံ့မာမာ။ မြမြငြေ။ နွေးနွေးရှိန်ရှိန်စ
သောအခြင်းအရာဟုဆိုအပ်သောအနုဗျဉ္ဇန။ဤနိမိတ်။အနုဗျဉ္ဇန
တို့ကိုမယူ။ စက်ဆုပ်ဘွယ် အတိဖြစ်သော။ အသုဘာကာရ။
ဓါတ်လေးပါးတို့၏။ စက်ဆုပ်ဘွယ် ဖြစ်သော။ အတွေ့မျှသာ
တည်းဟူ၍ယူ၏။သဘော၌လည်း။မိန်းမသဘော။ယောက်ျား
သဘောဟူသောနိမိတ်။ ဣဋ္ဌာရုံဖြစ်သောသုဘနိမိတ်။အနိဋ္ဌာ
ရုံဖြစ်သော။ပဋိဃနိမိတ်။ မောဟ၏အာရုံဖြစ်သော။ ဥပေက္ခာ
နိမိတ်။ဆိမ်မွေ့ရုန့်ရင်းယုတ်မြတ်ခြင်းစသောအချင်းချင်းဟုဆို
အပ်သောအနုဗျဉ္ဇန။ဤနိမိတ်။ အနုဗျဉ္ဇနတို့ကိုမယူ။ စက်ဆုပ်
ဘွယ်အတိဖြစ်သော။အသုဘာကာရ။ ဓါတ်လေးပါးတို့၏စက်
ဆုပ်ဘွယ်ဖြစ်သောသဘောမျှသာတည်းဟူ၍ယူ၏။ဤသို့ဒွါရ

ခြောက်ပါးတို့မှ။အာရုံခြောက်ပါးတို့၌။ ရာဂဒေါသမောဟတို့ကို မဖြစ်စေအောင်။ သတိဆောင်၍။ ဆင်ခြင်မဘောက်။ စောင့်ရှောက်သဖြင့်။မြင်သော်မြင်ရုံစသည့်။ စိတ်ကိုထားခြင်းသည်။ ဣန္ဒြိယသံဝရသီလမည်၏။ယင်းဣန္ဒြိယသံဝရသီလသည်။သတိချွတ်ယွင်းရှုံးသွင်းဖြင့်ပျက်သည့်ရှိသော်။နောက်သည့်ကဲ့သို့မပြုဟု စိတ်ကိုတဘန်ဆောက်တည် ပြန်က။ စင်ကြယ်သောကြောင့်။ဣန္ဒြိယပါရိသုဒ္ဓိသီလမည်၏။ ဤဂါထာ၌။ သချုပ်အားဖြင့်၊သီလသုံးပါးသာလာသော်သည်း။လက္ခဏာဝှာဟာရအားဖြင့်။ပစ္စယသန္နိဿိတသီလကိုလည်း။ယူအပ်၏။ ယင်းသို့သီလလေးပါးကို။ပြည့်စုံစေခြင်းသည်သာ။ သမထာပဋိရူပဖြစ်သည်ဟုလိုသော်။

တတိယဂါထာအနက်ပြီးပြီ။

---

၄၊ စာရိတ္တံ။ဘုရားမြတ်စွာ။ ခွင့်ပြုရာကို။သဒ္ဓါဖြူဆွ။ ဝီရိယနှင့် နိစ္စမြဲကြပ်။ဖြည့်ကျင့်အပ်သော။စာရိတ္တသီလရင်း။အထ။ မှို။ဝါရိတ္တံ။ ဘုရားမြစ်ထား။မအပ်ရာကို။ သဒ္ဓါသတိ၊ ကောင်းစွာညှိ၍၊ဝိရတိသုံးချ။အာရုံစုဖြင့်။မပြုမစပ်။ဖြည့်ကျင့်အပ်သော ဝါရိတ္တသီလရင်း။ပသာဒနီယံ။သူတပါးတို့၏။ကြည်ညိုဘွယ်ကို ဆောင်တတ်သော။ ဣရိယာပထိယဥ္စ။လျောင်းခြင်း၊ထိုင်ခြင်း၊ ရပ်ခြင်း၊သွားခြင်းဟုဆိုအပ်သော။ ဣရိယာပုထ်လေးပါးတို့၌ ဖြစ်သော၊ညာအဆင်အခြင်ရင်း။အဓိစိတ္တေ။သမထဝိပဿနာစသောစိတ်၌။အာယောဂေါစ။အမြဲအစဉ်ပွါးများယှဉ်ခြင်းရင်း။ တေ။ဤစာရိတ္တဝါရိတ္တ။ဣရိယာပထသမ္ပဒဉ်။ ဘာဝနာညာဉ်၌။ အမြဲယှဉ်ခြင်းသည်။သမထာသ။ရဟန်းအား။ပဋိရူပံ။ လျောက်ပတ်သောအကျင့်သဘောတည်။

ဤဂါထာ၌။အထသဒ္ဒါ။မင်္ဂလာအနက်ဟော။ထိုကြောင့်။ထိုမှို ဟု၊ အနက်ပေးရသည်။ မှို ဟူသောမြန်မာ့ ဘာသာ သည် လည်းမင်္ဂလာရှိသည်ဟုလိုလိုသည်။ပေါရာဏကထာ။ မင်္ဂလာ

အောင်မျှို။ရွှေမြို့ကျုံးဝန်း၊နတ်ကွန်းဗဟိုရ်။ရွှေချက်သို့နှင့်။ ရာဇ
ဝင်မျှို။ ။ပဒုပုရဏာမြို့လည်းရှိ၏။မဲ့ချည်းသွားမြို့။သွားဘော်ချို
သည့်။ ။ဘယ်သို့သွားခြင်းသွားရံ့နည်း။ ။ဟူသောကိုခန်း
လက်ာ၌။မြို့ကား။ပဒုပုရဏာတည်း။ထိုပဒုပုရဏာမြို့ကိုရစ်၊မင်္ဂလါ
မျှို့ကိုပင့်။ ။မျှို့မင်္ဂလာပင့်လေရာ၏။မြို့ရွာထိုမြို့။ပြုသမြို့နှင့်။
ဆိုမြို့ရှိနိုး။ကဗျာသာရတ္ထသင်္ဂဟာသတ်ပုံ။ ။ဘာဝနာညာဉ်၌။
ညာဉ်ဟူသည်လည်း။ဉာဏ်ကိုဆိုသည်။ ။ဆုတောင်းသော
စဉ်။ညါဉ်ဝိရိယာ။သဒ္ဓါဓိက။သုံးမဉ်ရသါး။ပါရမီခန်းလက်ာ။ ။
အဆင် အခြင်ကို။ချင်းနှင့်ကချင်။ ကြံဆင်ခြင်၍၊ ဟူသောနား
တော်သွင်းနှင့်ညီစေ။ ။စာရိတ္တသီလဟူသည်။ဘုရားသခင်
သည်။ပြုအပ်ကျင့်အပ်၏ ဟုပညပ်တော်မူသော။ အနုဇာနာမိ
ဘိက္ခဝေစသည်ဖြင့်မှတ်အပ်သောစာရိတ္တသိက္ခာပုဒ်သီလကို။
ဖြည့်ခြင်းတည်း။ယံဘဂဝတာ။ဍာနံကတ္တဗ္ဗန္တိ မညတ္တသိက္ခာပဒ
ပူရဏံ။တံစာရိတ္တံ။ဝိသုဒ္ဓိမဂ်။ ။ဝါရိတ္တဟူသည်ကား။ဘုရား
သခင်မပြုအပ်ဟုပညပ်မြစ်ထားတော်မူသော။ယောပနဘိက္ခု။
လ။နဘိက္ခဝေစသည်ဖြင့်။မှတ်အပ်သော။ဝါရိတ္တသိက္ခာပုဒ်သီ
လကို။ဖြည့်ခြင်းတည်း။ ။ယံဍာဒ်နကတ္တဗ္ဗန္တိပဋိက္ခိတ္တဿအ
ကရဏံတံဝါရိတ္တံ။ဝိသုဒ္ဓိမဂ်။ ။ယင်းနှစ်ပါးတို့တွင်။စာရိတ္တသီ
လကို။သဒ္ဓါဝိရိယဖြင့်ပြီးစေအပ်၏။ ဝါရိတ္တသီလကိုကား။သဒ္ဓါ
သတိတို့ဖြင့်ပြီးစေအပ်၏၊ ။တတ္ထသဒ္ဓါဝိရိယသာဓနံစာရိတ္တံ။
သဒ္ဓါသတိသာဓနံဝါရိတ္တံ။ဝိသုဒ္ဓိမဂ်မိန့်။ ။တနည်း။စာရိတ္တသီ
လသည်။ဝိရတိကင်း၍။ဖြည့်ကျင့်အပ်၏။ဝါရိတ္တသီလကား။ဝိရ
တိဖြင့်ဖြည့်အပ်၏။ထိုကြောင့်။ဤအဋ္ဌကထါ၌။စါရိတ္တန္တိ စရိတ္တါ
ကတ္တာပရိပူရေတဗ္ဗသီလံ။ဝါရိတ္တန္တိ ဝိရတိယာအကရဏေနပ
ရိပူရေတဗ္ဗသီလံဟူ၍ဘွင့်။ ။ဍာရိယာပထသမ္ပဇဉ်ဟူသည်။
သူတပါးတို့၏ကြည်ညိုဘွယ်ကိုဆောင်တတ်သောသမဏာအ
သွင်အပြင်၏ပြည့်စုံခြင်း၏အကြောင်း။ဍာရိယာပုထ်လေးပါးတို့၌
မှိသောအဆင်အခြင်ပညာတည်း။ ။ဍာရိယာပထိယံပသာဒနီ

ယန္တိပရေသံပသာဒါဝဟံအာကပ္ပသမ္ပတ္တိနိမိတ္တံဇာရိယာပထနိဿိတံသမ္ပဇည်။အဋ္ဌကထာ။

စတုပ္ပစ္စဂါထာအနက်ပြီးပြီ။

---

၅။ အာရညကာနိ။ အလွန်အားဖြင့်။ဂါရုတ်ခွဲ။ အယုတ်အါးဖြင့်။ကုပ်လုပ်လေးတါပြန်ငါးရာဖြင့်။သချ်ာမှန်လှ။တကောသလေသံ။ရုတင်မြောက်ရုံ။တောဍ္ဍ်ဖြစ်ကုန်သော။ပန္တာနိ။ဆိတ်ငြိမ်ကုန်သေါ။အပ္ပသဒ္ဒါနိ။လူသံမြင်းသံကင်းဆိပ်ညံကုန်သေါ။သေနာသနါနိ။ကျောင်းဘ်ုကို။ရနိုနာ။ရဟာန်းသည်။ဘဇိတဗ္ဗာနိ။ခိုအေါင်းကိန်းဝပ်။ဆည်းကပ်မှီဝဲအပ်ကုန်၏။ဇတံ။ဤအရညကင်။ရုတင်တောရပ်။ ကိန်းဝပ်မှီဝဲခြင်းသည်။သမဏသ။ ရဟာန်အား။ပဋိရူပံ။လျောက်ပတ်သောအကျင့်သဘောတည်း။

ဤတောဟူသည်။ အဘိဓမ္မာနည်းအားဖြင့်။တံခါးခုံမှအပ။ဝိနည်းပိဋကတ်နည်းအားဖြင့်။အရံရှိသောရွာ၏။ အရံမှ။မဏ္ဍိုမ ပုရိသခဲတကျ၏အပ။ အရံမရှိက။ အဆုံးစွန်အိမ်မှ ခဲနှစ်ကျ၏အပသည်တောမည်၏။သုတ္တန်နည်းအားဖြင့်ကား။ရွာဥပစာမှ။လေးထောင်ထွာလုပ်။လေးကုပ်လုပ်ကို။မဖြတ်တောင်တိုက်။ညှိလိုက်ရှစ်ထွာ။လေးတောင်မှန်စွါ။လေးအတါဖြင့်။ငါးရာပြန်ချ။တကောသသည်။အယုတ်ဆုံး။ အရညကင်။ရုတင်လောက်သောတောမည်၏။ ထိုကြောင့်။ အဂ္ဂုတ္တရသတ္တနိပါတ်အဋ္ဌကထာ၌။ ။အရညကေသုပဟ်ပဋ္ဌနေသုသတိကပန္တိမေသု။ဟူ၍မိန့်။ဤ၌လည်း။သုတ္တန်နည်းပင်။

ရွာနီးကျောင်းတို့၌။ ဈာန်ဝင်စား၍။ တနေ့လုံးနေ သောရဟန်းထက်လည်း။တောဍ္ဍ်အိပ်လျက်နေသောရဟာန်းကို။ဘုရားသခင်မြီးမွမ်းတော်မူ၏။ အဘယ့်ကြောင့်နည်း။ ရွာနီးကျောင်း၌။ဈာန်ဝင်စား၍။ဈာန်ထသော်။မိန်းမယောကျ်ားသူငယ်တို့၏။အသံကိုကြားရ၏။ ရပြီးသောဈာန်သမာဓိသည်ယုတ်၏။တောဍ္ဍ်အိပ်၍ထခဲ့သော်။ ခြင်္သေ့သစ်ကျားစသည်တို့၏အသံကိုကြား

ရသဖြင့်။ တော၌ဖြစ်သောပီတိကိုရ၍။ ထိုပီတိကိုဝိပဿနာ ပွါးရှုသုံးသပ်၍။ အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။ ထို့ကြောင့် ဘုရားချီးမွမ်းတော်မူသတည်း။

ဂါမန္တသေနာသနေသုဟိဈာနံအပ္ပေတွာပီတိတောဝုဋ္ဌိတ မဂ္ဂေါ်ဣတ္ထိပုရိသဒါရကာဒိသဒ္ဒံသုဏာတိ။ယေနဿအဓိဂတ ဝိသေသောပိဟာယတိယေဝ။ အရညေနိဒ္ဒါယိတွာပဋိဗုဇ္ဈမ မာနောသီဟဗျဂ္ဃမောရာဒီနံသဒ္ဒံသုဏာတိ။ ယေနအရညေကံ ပီတိံပဋိလဘိတွာတမေဝသမ္မသန္တောအဂ္ဂဖလေပတိဋ္ဌာတိ။ဣ တိဘဂဝါဂါမန္တသေနာသနေဈာနံအပ္ပေတွာနိသိန္နဘိက္ခုံနော အရညေနိဒ္ဒါယမာနမေဝ ပသံသတိ။ အင်္ဂုတ္တရသတ္တကနိပါတ် အဋ္ဌကထာ။သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။ ။ ဤ၌လည်း။ အဋ္ဌကထာဆိုတိုင်း။ အိပ်ရာမှထသဖြင့်။ သမဏ ဓမ္မကိုဖြစ်စေတတ်သော ရဟန်းကိုသာချီးမွမ်းတော်မူသည်၊ မိုက်၍နေခြင်း။ချီးမွမ်းစေလို၍နေခြင်းဖြင့်။တော၌နေဆန်းနေ ကာ။နေကြသောရဟန်းတို့ကိုချီးမွမ်းတော်မမူ။

ပဌမဂါထာအနက်ပြီးပြီ။

---

၆။ သီလဉ္စ၊စတုပါရိသုဒ္ဓိသီလရင်း။ဗါဟုသစ္စဉ္စ။အကြား အမြင်များသည့်၏အဖြစ်ရင်း။ဓမ္မာနံ။ ရုပ်နာမ်တရားတို့ကို။ယ ထာဘူတံ။ မိမိတို့လက္ခဏာအနိစ္စ၊ ဒုက္ခ၊အနတ္တ၊ဟူ–သာမည လက္ခဏာ၊ဟုတ်ရာမှန်တိုင်း။ပဝိစယော၊စိစစ်ဆင်ခြင်ခြင်းရင်း။ သစ္စာနံ။ဒုက္ခသမုဒယ။နိရောဓနှင့်။မဂ္ဂဟူသည့်။လေးဆူသော သစ္စာတို့ကို။အဘိသမယော၊ပိုင်းခြားတသွယ်။ပယ်သည့်တ ပုံ။ အာရုံတပါး။ပွါး၍ထိုးထွင်း။ သိနိုင်ခြင်းရင်း။ဧတံ။ဤသီလ သုတ။ဓမ္မဝိပဿနာ။ သစ္စာဘိသမယအားဖြင့်လေးပါးသော သဘောသည်။သမဏဿ။ရဟန်းအား။ပဋိရူပံ။လျော်ကပ် သောအကျင့်တည်း။

အာစာရဂေါစရေယုတ္တော စ သောဂါထာဖြင့်။ စတုပါရိ
သုဒ္ဓိသီလလေးပါးတို့ကို။ တပါးတပါးစီခွဲ၍ပြ၏။ ဤ၌တပေါင်း
တည်းပြ၏။ ဤအလိုမှု။ တပါးတပါးစီ။ စင်ကြယ်စေရုံမျှဖြင့်။ သ
မဏပဋိရူပမဖြစ်။ လေးပါးလုံးအညီအညွတ်စင်ကြယ်မှ။ သမ
ဏပဋိရူပဖြစ်၏ဟုပြသတည်း။ ။ရဟန်းကျင့်ဝတ်။ တပါး
တတ်က။ လူနတ်ဦးခိုက်။ ပူဇော်ထိုက်၏။ ။ဟူသောကိုးခန်း
လင်္ကာကို။ ထိုရာထင်တိုင်း။ အဓိပ္ပါယ်ယူကြသဖြင့်။ အပ္ပဿု
တ။ ဒုပ္ပညာ ပုဂ္ဂိုလ် အများတို့သည်။ စကားဖြစ်ဆန်း။ ရဟန်း
သိက္ခာ။ တတ်ရာသမျှ။ ကျင့်ပါကလည်း။ မချလူနတ်။ ပူဇော်အပ်
သကဲ့သို့။ အဟုတ်အဟတ်။ ခွဲမှတ်ပြောဆို။ အလိုရှိသမျှ။ ကျင့်
ကုန်ကြသည်ကား။ အပ္ပဿုတ။ အညာဏဒေါသသာတည်း။
ထိုလင်္ကာ၏။ ယထာဘူတအဓိပ္ပါယ်ကား။ ဘယ်ဗေဒင်ဘယ်
ဓမ္မသတ်စသော ကျမ်းတို့ကို မတတ်သည်ဖြစ်စေ။ စတုပါရိ
သုဒ္ဓိသီလကျင့်ဝတ်တပါးကိုကျင့်တတ်က။ လူနတ်ဦးခိုက်။ ပူ
ဇော်ထိုက်၏ဟုလိုသည်။ သိက္ခာပုဒ်တပါး။ သီလတပါးကိုမဆို
လို။ ၄ ပါးလုံးသီလပြည့်စုံမှသာ။ သမဏပဋိရူပဖြစ်၍စင်စစ်အ
ကျိုးထူး ရှိကြောင်း။ သိက္ခာသီလ။ တပါးပါး ပျက်ကလည်း။
ဒုသီလအလဇ္ဇီ။ သေသည့်အခြားမဲ့။ အပါယ် လားကြောင်း။
ကျမ်းဂန်များစွာဆို၏။ ထိုကြောင့်။ ပျက်စီးသောသီလကိုပြည့်
အောင်ဖြည့်ဆောင်အားထုတ်ကြကုန်။ ။ဗဟုဿုတရှိသော်
သာလျှင်။ ဘာဝနာကိုအားထုတ်ခြင်းအားများသောကျေးဇူးရှိ
၏။ ဗောဇ္ဈင်္ဂကောသလ္လ။ အနုဇ္ဇုရပီတိအဖြစ်။ သမထဝိပဿနာ
နှင့်ယှဉ်ခြင်းစသည်တို့၌။ ကောင်းစွာ ဆင်ခြင်ခြင်း များသော
ပုဂ္ဂိုလ်အား။ သမထဝိပဿနာပြည့်နိုင်ရာ၏ဟုလိုသည်။ ။ထို
ကြောင့်။ ဗဟုဿုတရှိခြင်းသည်သာ။ သမဏ ပဋိရူပဖြစ်သ
တည်း။ ။ဗဟုဿုတ ဘာဝေါယေဝဟိဘာဝနာနုယောဂဿ
ဗဟုပကာရော၊ ဗောဇ္ဈင်္ဂကောသလ္လအနုဇ္ဇုရပီတိ ဘာဝအဓိ
စိတ္တယုတ္တာဒိသု သမ္မာပဝိစယ ဗဟုလဿ သမထဝိပဿနာနံ

ယောဂေါသမ္ဘဝတိ။ဟုအဋ္ဌကထာ၌ပယောဇနံကိုပြသတည်း။
အပ္ပဿုတရဟန္တာတို့၏အထံ၌နည်းခံသောထက်။ ဗဟုဿုတ
ပုထုဇ္ဇန်ရဟန်းအထံ။ကမ္မဋ္ဌာန်းနည်းခံခြင်းကို။ဝိသုဒ္ဓိမဂ်အဋ္ဌက
ထာတို့၌။ခြီးမွမ်းကုန်၏။သို့ဖြစ်၍။သူလည်းရဟန်း။ ငါလည်းရ
ဟန်း။ဝတ်သက်နီးနှင့်။နေဆန်းနေကာ။မပြုပါနှင့်။စာပေကျမ်း
ဂန်။ရဟန်းကျင့်နည်း။နိဿျည်းကို။ထုံးနည်းခံ၍။ ကြံကြံကြည့်
ကြည့်။ပညာပြည့်အောင်။ဖြည့်ကြပါ။ ။ပထဝီဓာတ်၏။ခက်
ထန်ခြင်းလက္ခဏာ။အာပေါဓာတ်၏ယိုစီးခြင်းလက္ခဏာ။တေ
ဇောဓာတ်၏ ပူရှိန်ခြင်းလက္ခဏာ။ ဝါယောဓာတ်၏ လှုပ်ရှား
ခြင်းလက္ခဏာစသည်သည်။ ရုပ်တို့၏အသီးအသီးသော မိမိ
မိမိတို့လက္ခဏာမည်၏။ဝေဒနာ၏အာရုံအရသာကိုခံစားခြင်း
လက္ခဏာ။သညာ၏အာရုံကိုမှတ်ခြင်းလက္ခဏာ။ ဖဿ၏အာ
ရုံသဘောကိုတွေ့ခြင်းလက္ခဏာ။ စေတနာ၏ အာရုံစေ့ဆော်
ခြင်းလက္ခဏာ။ စိတ်၏အာရုံကိုထင်တိုင်းသိသောလက္ခဏာစ
သည်တို့သည်နာမ်တို့၏အသီးအသီးသောလက္ခဏာမည်၏။ထို
သို့အသီးအသီးလက္ခဏာရှိကုန်သောရုပ်နာမ်နှစ်ပါးတို့၏ မမြဲ
သောအနိစ္စလက္ခဏာ။အဖြစ်အပျက်။မပြတ်ဆက်၍။ နှိပ်စက်
ညှဉ်းဆဲခြင်းဒုက္ခလက္ခဏာ။လိုတိုင်းမပါ။လိုရာမရ။ဖြစ်လိုသမျှ
ဖြစ်ခြင်း အနတ္တလက္ခဏာ။ ဤသုံးပါးသည်သာမညလက္ခဏာ
မည်၏။ ထိုလက္ခဏာအားဖြင့်။ ဤကားဤသို့လက္ခဏာရှိသော
ရုပ်။ ဤကားဤသို့လက္ခဏာရှိသောနာမ်ဟူ၍ အာရုံဖြစ်သော။
ရုပ်စသည်၏ဘင်ခဏ။အာရုံပြုတတ်သောစိတ်၏ဘင်ခဏ။အ
ပျက်အတိသာ။ တစုံတယောက်သောသတ္တဝါမရှိဟု။ သတ္တဝါ
မှ။ဆိတ်သောအားဖြင့်ထင်ခြင်း။စိစစ်ဆင်ခြင်ခြင်းသည်။အဓိ
ပညာဓမ္မဝိပဿနာမည်၏။ ။ဓမ္မာနံပဝိစယောယထာဘူ
တဉ္စ ရူပါရူပ ဓမ္မာနံ အဝိပရိတ သလက္ခဏတော သာ မည
လက္ခဏတောစပရိဝိမံသာ။ဇ္ဈာမိန္နာအဓိပညာဓမ္မဝိပဿနမာ
ဟ။ ။ဋင်းအဋ္ဌကထာမိန့်။

ဒုက္ခသစ္စာကို။ ဤကားဒုက္ခ။ ဤလည်းဒုက္ခဟု။ ပိုင်းခြားသော ဉာဏ်အားဖြင့်။ ထိုးထွင်း၍သိခြင်း ပရိညာဘိသမယ။ ဒုက္ခအကြောင်းသမုဒယ သစ္စာကို။ ပယ်သော ဉာဏ်အားဖြင့်။ ထိုးထွင်း၍သိခြင်းပဟာနာဘိသမယ။ ဒုက္ခချုပ်ခြင်း။ နိရောဓသစ္စာကို။ မျက်မှောက်ပြုသောဉာဏ်အစွမ်းအားဖြင့်။ ထိုးထွင်း၍သိခြင်းသစ္ဆိကြိယာဘိသမယ။ နိရောဓသို့ရောက်ကြောင်း။ မဂ္ဂသစ္စာကိုပွါးသောဉာဏ်၏အစွမ်းဖြင့် ထိုးထွင်း၍သိခြင်းဘာဝနာဘိသမယ။ ဤလေးပါးသည်။ သစ္စာဘိသမယမည်၏။

ဆဋ္ဌဂါထာအနက်ပြီးပြီ။

---

၇။ အနိစ္စန္တိ။ မမြဲမမြဲဟူ၍။ အနိစ္စသညံ။ အနိစ္စသညာဝိပဿနာဉာဏ်ကို။ ဘာဝေယျ။ ဖြစ်ပွါးစေရာ၏။ အနတ္တသညဥ္စ။ ငါမဟုတ်ကိုယ်မဟုတ်ဟူ၍မှတ်သော အနတ္တသညာ ဝိပဿနာဉာဏ်ကိုလည်း။ ဘာဝေယျ။ ဖြစ်ပွါးစေရာ၏။ အသုဘသညဥ္စ။ အလှအကောင်းမဟုတ်။ စက်ဆုပ်ရွံရှာဘွယ်။ မတင့်တယ်ဟူ၍မှတ်သော။ အသုဘသညာ။ ဝိပဿနာဉာဏ်ကိုလည်း။ ဘာဝေယျ။ ဖြစ်ပွါးစေရာ၏။ လောကမှိစ၊ ခပ်သိမ်းဥဿုံ။ အလုံးစုံသော။ တေဘုမ္မကေ။ သင်္ခါရေသုလည်း။ အနဘိရတိံသညဥ္စ။ နှစ်သက်မွေ့လျော်။ ပျော်ရာမရှိ။ ဘေးအတိဟူသောအနဘိရတိသညာ။ အာဒီနဝနိဗ္ဗိဒါနုပဿနာဉာဏ်ကိုလည်း။ ဘာဝေယျ။ ဖြစ်ပွါးစေရာ၏။ ဣတိ၊ ဤအနိစ္စအနတ္တ။ အသုဘနှင့်။ အနဘိရတိသညာကို။ ဖြစ်ပွါးစေခြင်းသည်။ သမထာသ။ ရဟန်းအား။ ပဋိရူပံ၊ လျော်ပတ်သောအကျင့်တည်း။

၈၊ ဦးမဆွ။ ပုဗ္ဗဘာဂပဋိပဒါ၊ ဝိပဿနာမဂ္ဂသစ္စာ။ ဘာဝနာဘိသမယဖြစ်ဟန်ကို။ ဤဂါထာဖြင့်ပြ၏။ အနိစ္စဟူသည်။ တေဘုမ္မကသင်္ခါရတရားတို့တည်း။ ထိုတေဘုမ္မက။ သင်္ခါရတရားတို့၌။ အနိစ္စဟုမှတ်ယူခြင်းသည်။ အနိစ္စသညာမည်၏။ ထိုအနိစ္စသညာကို၊ ဖြစ်သည်းဖြစ်စေရာ၏။ ပွါးလည်းပွါးစေရာ၏

ဟူလို။ ။တဏှာဘာဝေယျာအနိစ္စန္တိသဗ္ဗေသင်္ခါရာအနိစ္စာတိ
အာဒိနာဝိဘာဝနတောယံကိဉ္စိရူပံအတီတါနာဂတပစ္စုပ္ပန္နန္တိ
အာဒိနာ ဝိဘာဝနတောစ သဗ္ဗသင်္ခါရေသု အနိစ္စသညံဘာ
ဝေယျ။ဥပ္ပါဒေယျ၊ဧဝေ ဝဍ္ဎေယျာတိအတ္ထော။ ။အဋ္ဌက
ထာ။ ။အနတ္တာဟူသည်။ အလုံးစုံသော။တေဘူမကာ။သင်္ခါရ
တရားတို့ပင်တည်း။ထိုသင်္ခါရတရားတို့သည်။ အနတ္တတို့သာ
တည်းဟုဖြစ်သောမှတ်ယူခြင်းသည်။အနတ္တသညာမည်၏။ထို
အနတ္တသညာကိုလည်း။ ဖြစ်လည်းဖြစ်စေရာ၏။ပွါးလည်းပွါး
စေရာ၏ဟူလို။

အနတ္တသညန္တိသဗ္ဗေဓမ္မာအနတ္တာတိပဝတ္တံအနတ္တသညဉ္စ
ဘာဝေယျာတိယောဇနာ။ ။အဋ္ဌကထာ။ ။အသုဘဟူ
သည်။ကရဇကာယဖြစ်သော။မိန်းမယောကျ်ားတို့၏ရုပ်ကိုယ်
တည်း။တနည်း။တေဘူမကာ။သင်္ခါရတရားတို့ပင်တည်း။အဘဲ့
ကြောင့်နည်း။ ထိုမိန်းမယောကျ်ားတို့၏ရုပ်ကိုယ်တေဘူမက
သင်္ခါရသည်။ကိလေသာအညစ်အကြေးတို့ကို။ စီးယိုဖြစ်ပွါး
စေတတ်သောကြောင့်။အကောင်းမဟုတ်။စက်ဆုပ်ဘွယ်အရ
အသုဘမည်ကုန်၏။ ထိုကြောင့်။ ထိုမိန်းမယောကျ်ားတို့ ရုပ်
ကိုယ်။ တေဘူမကသင်္ခါရတရားတို့ကို။ အသုဘဟုမှတ်ယူ
ခြင်းသည်။အသုဘသညာမည်၏။ထိုအသုဘသညာကိုလည်း။
ဖြစ်စေရာ၏။ ပွါးစေရာ၏။ဟူလို။ ။အသုဘသညန္တိကရဇ
ကာယေသဗ္ဗသ္မိံပိဝါတေဘူမကသင်္ခါရေ ကိလေသာ သုစိ
ပဂ္ဃရဏတောအသုဘာတိပဝတ္တသညံ။ ။အဋ္ဌကထာ။ဒုက္ခ
သညာကိုအသို့မှူ၍မပြသနည်းဟူမူ။ ဤအသုဘသညာသည်။
ဒုက္ခသညာ၏အခြံအရံပင်တည်း။ သို့ဖြစ်၍။ ဤအသုဘသညာ
ဖြင့်ပင်။ဒုက္ခသညာကိုလည်း။ ဤနိုက်ယူလေဟုလိုသော်။ ။
ဒုက္ခသညာပရိဝါရောဟိအယံ။ဧတေနေဝစေတ္ထဒုက္ခသညာပိ
ဂဟိတာတိဝေဒိတဗ္ဗံ။ ။အဋ္ဌကထာ။ ။အနဘိရတိသညာ
ဖြင့်။ အာဒီနဝါနုပဿနာနိဗ္ဗိဒါနုပဿနာတို့ကိုပြဆို၏၊ ။

လောကမှိစ အနဘိရတိသညာ် သဗ္ဗလောကေ တေဘူမ္မကေသု သင်္ခါရေသုအနဘိရတိသညာ။တေနအာဒီနဝါနုပဿနာနိဗ္ဗိဒါနုပဿနာဥဂ္ဂဝဇတိ။ ။အဋ္ဌကထာ။ ။၎င်းသညာတို့၏ဘာဝနာဝိဓိကိုအလွန်ကျယ်မည်စိုး၍မရေးလိုက်ပြီ။

သတ္တမဂါထာအနက်ပြီးပြီ။

---

၈။ ဗောဇ္ဈင်္ဂေစ။မင်္ဂဉာဏ်၊ဖိုလ်ဉာဏ်။ကားလှန်မုံရင့်၊ပွင့်ခြင်း၏အကြောင်းဖြစ်ကုန်သော။ဗောဇ္ဈင်ခုနစ်ပါးတရားတို့ကို၎င်း။ဈာနိန္ဒြိယပါဒါနိစ။မိဇ္ဈာန်လိုတိုင်း။မဆိုင်းချက်ခြင်း။ ပြည့်စုံခြင်းအကြောင်းဖြစ်ကုန်သော။ ဈာန်ဣဒ္ဓိပါဒ်လေးပါး။ မြတ်တရားတို့ကို၎င်း။ဈာနိန္ဒြိယာနိစ။သဟဇါတ်မျိုးတို့ကို။အစိုးရတတ်ကုန်သော။ ဈာနိန္ဒြေငါးပါးတရားတို့ကို၎င်း။ဗလာနိစ။ကိလေသာဟူ။ရန်သူထိုးဘော်။လှုပ်ချော်မနိုင်။ကြံ့ခိုင်မြဲမြံတတ်ကုန်သော။ ဗိုလ်ငါးပါးတရားတို့ကို၎င်း။ အဋ္ဌင်္ဂ။အင်္ဂါရှစ်ပါးရှိသော။ အရိယံ။ဖြူစင်သန့်ရှင်း။အပြစ်ကင်းသော။မဂ္ဂဉ္စ။ နိဗ္ဗာန်ပြည့်မြတ်။ ရောက်စေတတ်သော၊ မဂ္ဂင်တရားကို၎င်း။ဘာဝေယျ။ဖြစ်ပွါးစေရာ၏။ ဇတိ။ ဤဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့ကို ဖြစ်ပွါးစေခြင်းသည်။သမဏသ။ရဟန်းအား။ပဋိရူပံ။ လျောက်ပတ်သောအကျင့်တည်း။

ဤဂါထာ၌စသဒ္ဒါသည်။ဘာဝေတဗ္ဗ။ဓမ္မဖြစ်တို့ကို။ပေါင်းယူအပ်သည်ဖြစ်၍၊ သမ္ပိဏ္ဍန။ပြသည်သမုစ္စည်း၊ဆည်းသည်ဖြစ်။ဂုဏ်နှင့်ဟပ်။ ဟူသောနိယံနှင့် အညီ သမ္ပိဏ္ဍန အနက်ရှိသည်ဖြစ်ဘိသော်။ယင်းသမ္ပိဏ္ဍနတ္ထစသဒ္ဒါဖြင့်၊ သတိပဋ္ဌာန်လေးပါးသမ္မပ္ပဓာန်လေးပါးတို့ကိုလည်းပေါင်းယူလေကုန်။ ။စသဒ္ဒေနသတိပဋ္ဌာနာနိသမ္မပ္ပဓာနာနိစဂဟိတာနီတိ။ ။အဋ္ဌကထာ။သို့ဖြစ်၍ဗောဓိပက္ခိယသုံးဆဲ့ခုနစ်ပါးလုံးကိုပင်၊ပွါးရမည်ဟူလို။ ။သဗ္ဗေသတ္တတိံသပ္ပဘေဒေဗောဓိပက္ခိယဓမ္မေဘာဝေယျဝါဝေဃယျစ။ ။အဋ္ဌကထာ။ ။ယင်းသို့ပွါးခြင်းသည်

လည်း။ပုဗ္ဗဘါဂပဋိပဒါ။ဝိပဿနာခဏာ၌ပွါးခြင်းဖြင့်လည်းသင့်၏။ လောကုတ္တရာအရိယမဂ်ခဏာ၌ပွါးခြင်းဖြင့်လည်းသင့်၏ဝိပဿနာခဏာ၌ပွါးသည့်ရှိသော်။ သင်္ခါရဓမ္မအာရုံရှိကုန်၏။မဂ်ခဏာ၌ပွါးခြင်းသည်ကား။နိရောဓသစ္စာနိဗ္ဗာန်အာရုံရှိကုန်၏။ဤသို့ထူးသတည်း။သင်္ခါရဓမ္မတို့၏။ အနိစ္စဒုက္ခ အနတ္တလက္ခဏာကိုဎင်း။ဖြစ်ပျက်နှစ်ချ။ဥဒယဗ္ဗယသဘောကိုဎင်း။ အပျက်သက်သက်။ ညက်ညက်ကြေမွ။ ဖျက်ဖျက်ကျသကဲ့သို့။ ဘင်အခြင်းအရာကိုဎင်း။ပျက်ခြင်းမဆိတ်။နှိပ်စက်မစဲ။စစ်ပွဲ၌ဝယ်။ ကြောက်မက်ဘွယ်သို့။ ကိုးကွယ်မရ။သင်္ခါရတို့၏။ ဘယအခြင်းအရာကိုဎင်း။အပျက်အတိ။တေဘုမ္မိ၌။မမှီခိုရာ။ အပြစ်သာဟူသောအာဒီနဝါကာရကိုဎင်း။သင်္ခါရဘုမ္မိတို့၌ မပျော်မမွေ့။ ငြီးငွေ့လွန်စွာ။နိဗ္ဗိဒါကာရကိုဎင်း။သင်္ခါရုပေက္ခာ။အနုလောမဉာဏ်တိုင်အောင်။ မပြတ်ထင်ထင်။ ဆင်ခြင်အောက်မေ့နိုင်အောင်ဖြစ်စေခြင်းသည်။ ဝိပဿနာခဏာ၌။ သတိသမ္ဗောဇ္ဈင်ကိုဖြစ်ပွါးစေသည်မည်၏။ ထိုသို့သောလက္ခဏာ အာကာရတို့ကို။ ကောင်းစွာစိစစ်ဆင်ခြင်ပိုင်းခြားနိုင်အောင်ဖြစ်စေခြင်းသည်ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုဖြစ်ပွါးစေသည်မည်၏။ မဆုတ်မနစ်အသစ် အသစ် တိုးပွါး အောင် ဖြစ်စေနိုင်ခြင်းသည်။ဝီရိယသမ္ဗောဇ္ဈင်ကိုဖြစ်ပွါးစေသည်မည်၏။ နှစ်သက်ရွှင်ပျုံ့စွာဖြစ်စေနိုင်ခြင်းသည်။ပီတိသမ္ဗောဇ္ဈင်ကိုဖြစ်ပွါးစေသည်မည်၏။ ဥဒ္ဓစ္စကုက္ကုစ္စ။ပူပန်ခြင်းကင်းသဖြင့်စိတ်စေတသိက်တို့၏ငြိမ်းချမ်းသာယာအောင် ဖြစ်စေခြင်းသည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုဖြစ်ပွါးစေသည်မည်၏။အလိုရှိဖွယ်မရှိအပ်သောဇာရမ္မဏာနိမ္မိအာရုံတို့၌။လျစ်လျူရှုအောင်။ စိတ်ကိုဖြစ်စေခြင်းသည်။ ဥပေက္ခာသမ္ဗောဇ္ဈင်ကိုဖြစ်ပွါးစေသည်မည်၏။ဤသို့။လောကီပုဗ္ဗဘာဂပဋိပဒါဝိပဿနာခဏာ၌။ဗောဇ္ဈင် ဘာဝနာဝိဓိကို။ အကျဉ်းမှတ်လေ။ ။ဇာဒ္ဒိပါဒဘာဝနာစသည်ကိုလည်း။ဤအတူဆင်ခြင်၍မှတ်လေ။ ။မဂ်ခဏာ၌ကား။နိဗ္ဗာန်တခုကိုသာအာရုံပြု

၍။တချက်တည်းဖြစ်ကြကုန်၏။ထိုဖြစ်ပွါးစေခြင်းသည်လည်း သောတာပတ္တိ မဂ်ခဏ၌။ ဖြစ်စေသည်မည်၏။ အထက်မဂ်ခဏ၌ကား။ပွါးစေသည်မည်၏။ ။တတ္ထတနေတံပဌမမဂ္ဂက္ခဏေဥပ္ပါဒနံ။ ဥပရိမဂ္ဂက္ခဏေစ ဝဍ္ဎနံ။ ။အဋ္ဌကထာ။ ။ သောတာပတ္တိမဂ်ခဏ၌။ နိဗ္ဗာန်ကို အာရုံပြု၍။ မဖြစ်ဘူးသော ဗောဓိပက္ခိယ တရားတို့ကို ရှေးဦးစွာ ဖြစ်စေခြင်းကြောင့်။ ဥပ္ပါဒနမည်၏။ အထက်မဂ်ခဏတို့၌ကား။ ပဌမမဂ်ခဏက။ ဖြစ်ဘူးပြီးသော ဗောဓိပက္ခိယ တရားတို့ကို။ ပွါးစေရုံမျှဖြစ်သောကြောင့်။ဝဍ္ဎနမည်၏။ပွါးစေသည်မည်၏ဟူလိုသော်။ ဤကားအဓိပ္ပါယ်။

အဋ္ဌမဂါထာအနက်ပြီးပြီ။

---

၉။ မုနိ။ ရဟန်းသည်။ တဏှာ။ ကာမဘဝ။ ဝိဘဝက။ စသည်ရ့ှစ်။ တဏှာညစ်ကို။ပဇဟေယျ။ အရိယမဂ်။ ဉာဏ်သန်လျက်ဖြင့်။ မြိုဖျက်ပယ်ရှားရာ၏။ သမူလကေ။ကာမရာဂ။နုသယက။ စသည်ဖြစ်နွယ်။ ဖွဲ့တွယ်ချုပ်ဆိုင်းသော။ မူလနှင့်တကွကုန်သော။ အာသဝေ။ ဘုံအားဖြင့်ဘဝဂ်။ ဓမ္မအားဖြင့်ဂေါတြဘူတိုင်။ မြိုင်မြိုင်တိုးတိုး။ ယိုစီးဖြစ်ပွါးတတ် သော။ ကာမာသဝ။ စသည်ပြန့်ပြော။ အာသဝေါဟု။ ကျေလျှောဖျားချေ။ဒိကိလေတို့ကို။ပဒါလေယျ။အရိယမဂ်။ဉာဏ်စက် လေးဆောင်။သဘော်ဘောင်ဖြင့်။ကွဲအောင်ပြင်းစွာ။ ဖြိုခွဲရာ၏။ဝိပ္ပမုတ္တော။ ကိလေသာဝဋ်။ ဝဲကြက်ခွတ်မှ။ ထွက်လွတ်ခွါကန်။ ပြည့်နိဗ္ဗာန်ကို။မပြန်မဘောက်။ကိုယ်တိုင်ရောက်သဖြင့်။မျက်မှောက်မြင်ရှု။အါရုံပြုသည်ဖြစ်၍။ဝိဘရေယျ။နေရာ၏။ဧတံ။ဤသို့ပဟာနဘိသမယ။သစ္ဆိကြိယာဘိသမယနှစ်ပါးဖြင့်။ထွတ်ဖျားတိုင်မြောက်။ရောက်၍နေခြင်းသည်။သမဏာသ။ရဟန်းအား။ ပဋိရူပံ။ လျော်ပတ်သောသဘောတည်း။ ဣတိ။ဤကားကမ္မတ်။အပြီးသတ်တည်း။

ဤဂါထာဖြင့်။ သမုဒယသစ္စာကို ပယ်သဖြင့်သိခြင်းပဟာနာဘိသမယ။ နိရောဓသစ္စာကို မျက်မှောက်ပြုသဖြင့်၊သိခြင်းသစ္ဆိကြိယာဘိသမယ။နှစ်ပါးကိုပြ၏။ ။ဧဝံဗောဓိပ္ပဝတ္တိသတ္တတိံသဓမ္မဘာဝေနဿာယထာ မဂ္ဂသစ္စံဘာဝနာဘိသမယဝသေနအဘိသမေတိ။ဧဝံသမုဒယသစ္စံပဟာနာဘိသမယဝသေ။နနိရောဓသစ္စံသစ္ဆိကြိယာဘိသမယဝသေနအဘိသမေတိတိဒဿေန္တောတဏှံပဇဟေယျာတိဩသာနဂါထမာဟ။ဟုသမ္ဗန္ဓဝဏ္ဏနာ။ အနုသန္ဓေလက္ခဏာဖြင့်။ အဋ္ဌကထာ ဖွင့်ပြတော်မူသတည်း။ ။ယင်းဂါထာ၌။ ပဌမပါဒ၊ဒုတိယပါဒနှစ်ဝါကျတို့ဖြင့်။ပဟာနာဘိသမယကိုပြ။တတိယပါဒ၊ တဝါကျဖြင့်သစ္ဆိကြိယာဘိသမယကိုပြသတည်း။ ။ဖျားရေဟူသည်။ဒီရေဟူလိုသည်၊ပေါရာဏကထာ။ ။မြစ်သို့လဘော။အသဝေါဟာ၊ ကျွဲလျှောဖျားရေ။မုံဆန်ပြေသို့၊ မငွေစေရ။မဂ်ဖြင့်ချ၍၊ ။ပါရမီခန်း။ ။ဋင်းလင်္ကာ၌လည်း။မြစ်သို့သဘောဟူ၍ရေးသားဘတ်ဆိုကြသည်။လဘောဟူ၍ရှိမူ။ အပြည့်အလျှမ်း။တင်းကျမ်းမော်ပြိုးဟုဆိုသည်။ပေါရာဏကထာတည်း။

နဝမဂါထာအနက်ပြီးပြီ။

## သမဏဘဒြကထာ။

### နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ သဒါပိဘဒြမဓနဿ။ အနဂါရဿဘိက္ခုနော။ နတေသံကောဋ္ဌေဩပေန္တိ။ နကုမ္ဘိံနကဠောပိယံ။ ပရနိဋ္ဌိတမေသနာ။တေနယာပေန္တိသုဗ္ဗတာ။

၂။ ဒုတိယမ္ပိဘဒြမဓနဿ။အနဂါရဿဘိက္ခုနော။အနဝဇ္ဇပိဏ္ဍောဘောတ္တဗ္ဗော။နစကောစူပရောဓတိ။

၃။ တတိယမ္ပိဘဒြမဓနဿ။ အနဂါရဿဘိက္ခုနော။ နိဋ္ဌိတောပိဏ္ဍောဘောတ္တဗ္ဗော။နစကောစူပရောဓတိ။

၄။ စတုတ္ထမ္ပိဘဒြမဓနဿ။ အနဂါရဿ ဘိက္ခုနော။ မုတ္တဿရဋ္ဌေစရတော။သင်္ဂေါယဿနဝိဇ္ဇတိ။

၅။ ပဉ္စမမ္ပိ ဘဒြမဓနဿ။ အနဂါရဿဘိက္ခုနော။ နဂရမှိဍယှမာနမှိ။နဿကိဉ္စိအဍယှထ။

၆။ ဆဋ္ဌမ္ပိဘဒြမဓနဿ။အနဂါရဿဘိက္ခုနော။ရဋ္ဌေဝိလုပ္ပမာနမှိ။နဿကိဉ္စိအဟီရထ။

၇။ သတ္တမမ္ပိဘဒြမဓနဿ။ အနဂါရဿ ဘိက္ခုနော။ စောရေဟိရက္ခိတံမဂ္ဂံ။ ယေစညေပရိပန္ထကာ။ ပတ္တစီဝရမာဒါယ။သောတ္ထိံဂစ္ဆတိသုဗ္ဗတာ။

၈။ အဋ္ဌမမ္ပိဘဒြမဓနဿ။ အနဂါရဿဘိက္ခုနော။ ယံယံဒိသံပက္ကမတိ။အနပေက္ခောဝဂစ္ဆတိ။

ပါဠိတော်ပြီးပြီ။

၁။ အနုဂါရသ။အိမ်ယာမထောင်။ လူ့ဘောင်စွန့်ပစ်။ရဟန်းအဖြစ်သို့ကပ်သော။ အခနသ။ ရွှေငွေရတနာ။ ဥစ္စာမသိမ်း။ကြောင့်ကြငြိမ်းသော။ဘိက္ခုနေ။ရဟန်းအါး။သဒါပိ။အခါခပ်သိမ်းလည်း။ဘဒြ။ရဟန်းချမ်းသါ။ကောင်းမြတ်စွာသည်သာလျှင်။ဟောတိ။ဖြစ်၏။ကေန။အဘယ်ဖြင့်အဘယ်ကြောင့်။ဟောတိ။ဖြစ်သနည်း။တေသံ။ ထိုအိမ်ရာမထောင်။လူ့ဘောင်ပယ်ခွါဥစ္စာမသိမ်း။ကြောင့်ကြငြိမ်းကုန်သောရဟန်းသူတော်ကောင်းတို့အား။ဝါ။တို့သည်။ကောဋ္ဌေ။တိုက်အိမ်ကျီကြန်၌။နဒြေပေတွာ။ရတနာရွှေငွေ။ဆန်ရေစပါးဥစ္စာများကိုမထားမသိုကုန်။ကုမ္ဘိ။အိုး၌။နဒြေပေတွာ။မထားမသိုကုန်။ကလောပိယံပိ။ပုတ်ကက်ချင်းတောင်း၌လည်း။ နဒြေပေတွာ။ မထားမသိုကုန်။သုဗ္ဗတာ။ကောင်းသောအကျင့်ရှိကုန်သောရဟန်းတို့သည်။ပရနိဋ္ဌိတံ။ သူတပါးတို့အိမ်၌ချက်ပြုတ်ဘုတ်ကင်ပြီးသော အာဟာရကို။ ဧသနာ။ သပိတ်စွဲကာ အိမ်စဉ်ရှာကုန်သည်ဖြစ်၍။တေန။ထိုရရသမျှ။အာဟာရဖြင့်။ယာပေန္တိ။သါးငယ်အသား။စား၍မိဘ။ကန္တာရမှ။သွားကြသည့်အတူ။ငဲ့ကူလသည်သာ။ ပဉ္စဝေဂ္ဂအာဘုလုံးသွင်း။ဆင်ခြင်ခြင်းနှင့်မကင်းစေရ။သုံးဆောင်ကြသဖြင့်မျှတသက်မွေးကုန်၏။ တေန။ထိုဥစ္စာမစုဆွမ်းခံပြု၍ရမှုရရာ။မျှတပါသဖြင့်။ဝါ။မျှတခြင်းကြောင့်။အနုဂါရသ။အိမ်ရာမထောင်သူ့ဘောင်စွန့်ပစ်။ရဟန်းအဖြစ်သို့ကပ်သော။အခနသ။ရွှေငွေရတနာ။ဥစ္စာမသိမ်း။ကြောင့်ကြငြိမ်းသော။ဘိက္ခုနေ။ရဟန်းအား။သဒါပိ။ အခါခပ်သိမ်းလည်း၊ဘဒြ။ ရဟန်း ချမ်းသာ။ကောင်းမြတ်စွာသည်သာလျှင်။ဟောတိ။ဖြစ်၏။

ဤသို့သာဓေတဗ္ဗ။ သာဓက။ ကြောင်းကျိုးဟိတ်ဖိုလ်ထင်အောင်။ ကေန ဟူသောကာရဏပုစ္ဆာ တေန ဟူသောကာရဏဝိသဇ္ဇနာပုဒ်တို့ကိုသွင်းလောင်းထည့်စွက်။အနက်ယောဇနာသည်။ယင်းဂါထာ၌။တေသံသဒ္ဒါသည်။ဒေဝဒတ္တဿရဇ္ဇံ သရတိကဲ့သို့။ ပဌမတ္ထ၌။ ဆဋ္ဌီဝိဘတ်လည်းသင့်၏။ နကုမ္ဘိ

ဍ္ဍ၊ ဒုတိယာဝိဘတ်ကား။ ဘုမ္မဋ္ဌ။ ။တဋ္ဌ အနုဂါရဿဟိ မဟာရာဇဃောရဝါသံ ပဟာယအနာဂါရိယဘာဝပဗ္ဗဇ္ဇာသ အခ ဓနဿ။အကိဥ္စနဿဘိက္ခုနောသဗ္ဗကာလံ။ဘဒြမေဝ။နတေ သန္တိမဟာရာဇဓတေသံ အဓနာနံဘိက္ခူနံ နကောဋ္ဌာဂါရေဓန ဓညာနိဩပေန္တိ။ နကုမ္ဘိယံပနန္တိယံ။ တေနသုဗ္ဗတာ ပရနိဋ္ဌိ တံပရေသံဃရေ။ ပက္ကံအာဟာရံသံဃာဋိပါဂုတ္တာက ပလမာ ဒါယဃာရပဋိပါဋိယာ ဩနာ ပရိယေသနာ။ တေနတတော လဒ္ဓေနပိဏ္ဍေနတံ အာဟာရံ နဝန္နံပဋိကူလျာနံ ဝသေန ပစ္စ ဝေက္ခိတွာ ပရိဘုဉ္ဇိတွာ ဇီဝိတဝုတ္တိံ ယာပေန္တိ။ ဧဝံအဓ္ဓက ထာ။ ။ဘိက္ခုနောတိဘိက္ခုနသီလဿ။အနဂါရဿတိဂေ ဟာရဟိတဿ။ ကောဋ္ဌေတိကောဋ္ဌာဂါရေ။ ဩပေန္တိတိ ထ ပေန္တိ။ကုမ္ဘိန္တိ။ကုမ္ဘိယာနထပေန္တိ။ ကဠောပိယန္တိ ပစ္ဆိယံ ပိ။ ပရနိဋ္ဌိတန္တိပရေဟိပစိတံ။ယေနာတိ ယေနအာကာရေန။ သုဗ္ဗတာတိသုန္ဒရဝတာ။ ယာပေန္တိတိဇီဝိတဝုတ္တိံပဝတ္တေန္တိ။ ဧဝံဇာတ်ဋီကာ။ ။ဧဝံဋီကာအလို။တေနယာ ပန္တိ၌။ ယေန ဟု။တတိယန္တအနိယမပုဒ်ဖြစ်ရာ၏။ယေန။အကြင်သို့သောအ ခြင်းအရာဖြင့်။ယာပေန္တိ။သက်မွေးဖြစ်စေကုန်၏။တေန၊ထိုအ ခြင်းအရာဖြင့်။ဟူ၍အနက်ပေးလေ။

ပဥ္စမဂါထာအနက်ပြီးပြီ။

---

၂။ ဒုတိယမ္ပိ။ ၂ကြိမ်မြောက်လည်း။အနုဂါရဿ။အိမ်ယာ မထောင်လူ့ဘောင်စွန့်ပစ်။ ရဟန်းအဖြစ်သို့ ကပ်သော၊ အဓ နဿ။ ရွှေငွေ ရတနာ။ ဥစ္စာမသိမ်း။ ကြောင့်ကြ ငြိမ်းသော။ ဘိက္ခုနော။ ရဟန်းအား။ဝါ။ ရဟန်း၏။ဘဒြံ။ ရဟန်းချမ်းသာ ကောင်းမြတ်စွာ သည်သာလျှင်၊ ဟောတိ။ ဖြစ်၏။ ကေ ။ အ ဘယ်ဖြင့်။အဘယ်ကြောင့်။ ဟောတိ။ဖြစ်သနည်း ။ ဘိက္ခုနော။ ရဟန်းသည်။ အနုဝဇ္ဇပိဏ္ဍော။ အပြစ် ကင်းသော ဆွမ်းကို။ ဘောဇ္ဇာဗ္ဗော၊သုံးဆောင်စားသောက်ရ၏။တံ။ ထိုရဟန်းကို။

ကောဝိ။ တရုံတဝ။ နည်းငယ်မျှသော။ ရာဂဒေါသ။ စသည် ဆယ်ဖြာ။ကိလေသာသည်လည်း။ နဥပရောဓတိ။ မနှိပ်စက်။ တေန။ထိုကြောင့်။အနင်္ဂါရသ။အိမ်ယာမထောင်။လူ့ဘောင် စွန့်ပယ်။ရဟန်းအဖြစ်သို့ကပ်သော။ အခနေဿ။ရွှေငွေရတနာ။ ဥစ္စာမသိမ်း။ ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော။ ရဟန်းအား။ ဝါ။ရဟန်း၏။ဘဒြံ။ရဟန်းချမ်းသာ။ကောင်းမြတ်စွာသည်သာ လျှင်။ဟောတိ။ဖြစ်၏။

ဤဒွိပဒ်ဗျာဟူသည်။နိဒဿနနည်းမျှသာတည်း။ ထိုကြောင့် မထင်ရှားသော။သင်္ကန်း။ကျောင်း။ဆေး။ ပစ္စည်းတို့ကိုလည်း ယူ။တနည်း။ ပိဏ္ဍဟူသောဆွမ်းနှင့်။ပစ္စည်းနှင့်။ ပစ္စယဇာတ် တူ။အကြွင်းပစ္စည်းသုံးပါးကိုလည်း။လက္ခဏာဟာရနည်းဖြင့် ယူလေ။သို့ဖြစ်၍။ ရဟန်းတို့အားဖြစ်သော ပစ္စည်းသည် သာ ဝဇ္ဇ။ အနဝဇ္ဇဟူ၍နှစ်ပါး။ ယင်းနှစ်ပါးတို့တွင်။ ဆေးကုခြင်းစ သောအနေသနအမှု။ ကုဟန။လပန။ နေမိတ္တိကတာ။ နိပ္ပေသိ ကတာ။လာဘေနလာဘံ။ နိဇိဂီသနတာစသော။ မိစ္ဆာဇီဝအာ ကျင့်တို့ဖြင့် ဖြစ်စေအပ်သော။ ပစ္စည်းလေးပါး။ တရားနှင့်အ ညီ။ဖြစ်စေအပ်သော။ ပစ္စည်းလေးပါးတို့ကိုလည်း။ ပစ္စဝေက္ခ ဏာ။မဆင်ခြင်ဘဲ။သုံးဆောင်ခြင်းသည်။ သာဝဇ္ဇပိဏ္ဍမည်၏။ အနေသနအမှုကိုရှောင်ကြဉ်လျှင်။မိစ္ဆာဇီဝအကျင့်ကိုကြဉ်လျှင်။ တရား နှင့်အညီ ရှာမှီးဖြစ်စေအပ်သော။ ပစ္စည်း လေးပါးတို့ကို ပစ္စ ဝေက္ခဏာဆင်ခြင်၍။သုံးဆောင်ခြင်းသည်။အနဝဇ္ဇပိဏ္ဍမည် ၏။ ယင်း အနဝဇ္ဇပိဏ္ဍကို သုံးဆောင်ခြင်းဖြင့် ကိလေသာတို့ မနှိပ်စက်ခြင်းကြောင့်။သမဏဘဒြဖြစ်၏ဟူလို။

အနဝဇ္ဇပိဏ္ဍောဘောတ္တဗ္ဗောတိ ဝဇ္ဇကမ္မာဒိကာယအနေ သနာယဝါကုဟနာလပနာနေမိတ္တိကတာ နိပ္ပေသိကတာလာ ဘေနလာဘံ နိဇိဂီသနတာတိ ဧဝရူပေန မိစ္ဆာဇီဝေနဝါဥပ္ပါ ဒိတာပိစတ္တာရော ပစ္စယာ ဓမ္မေန သမေနဥပ္ပါဒိတာပိ အပစ္စ ဝေက္ခိတွာပရိဘုတ္တာသာဝဇ္ဇပိဏ္ဍောနာမ။ အနေသနံပဟာယ

မိန္တာဇိဝံဝဇ္ဇေတွာဓမ္မေနသမေန ဥပ္ပါဒိတာပဋိသင်္ခါယောနိ သောစီဝရံ ပဋိသေဝါမိတိ ဝုတ္တနယေနေဝပစ္စဝေက္ခိတွာ ပရိဘုတ္တာ အနဝဇ္ဇပိဏ္ဍာနာမ။ ယေနဝေရူပေါ အနဝဇ္ဇပိဏ္ဍော ဘောတ္တဗ္ဗောပရိဘောတ္တဗ္ဗော။ တံဝေဝံအနဝဇ္ဇပိဏ္ဍံဘုဉ္ဇမာနံ ပစ္စယေနိဿာယကောစိအပမတ္တောပိကိလေသော နဥပရော ဓတိနပိဠေတိ။ တဿ ဒုတိယံပိ ဘဒြမဓနဿ အနင်္ဂါရဿ ဘိက္ခုနော။ငင်းဓာတ်အဋ္ဌကထာ။ ။ဤအဋ္ဌကထာအလိုမှု။နစကောရူပရောဓတိဠ ကောရူပဟုတာလုဇပဋ္ဌမက္ခရာစလုံးနှင့် လိုသည်။ ။ဒုတိယမ္ပိတိဒုတိယဝါရေပိအနဝဇ္ဇောတိနိဒ္ဒေ သော။ပိဏ္ဍောတိပိဏ္ဍပါတော။ဘောတ္တဗ္ဗောတိဘုဉ္ဇိတဗ္ဗော။ နစကောရူပရောဓတိတိကောဓောနဥပရောဓတိ။ငင်းဓာတ်ဋီ ကာ။ ။ဤဋီကာအလို။ နစကောရူပရောဓတိဠ။ ကောရူပဟု။ ဒုဇ္ဇစတုတ္ထက္ခရာဓအောက်မြင့်နှင့်လို၏။ ငင်းအလိုမှု။ကော ဓော။ အမျက်သည်။ နဥပရောမတိ။ မနှိပ်စက်။ ဟူ၍အနက် ပေးလေ။ ဒုတိယဂါထာအနက်ပြီးပြီ။

---

၃။ တတိယမ္ပိ။သုံးကြိမ်မြောက်လည်း။အနင်္ဂါရဿ။အိမ် ယာမထောင်။လူ့ဘောင်စွန့်ပစ်။ ရဟန်းအဖြစ်သို့ကပ်သော။ အဓနဿ။ရွှေငွေရတနာ။ဥစ္စာမသိမ်း။ ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော။ ရဟန်းအား။ဝါ။ရဟန်း၏။ဘဒြံ။ ရဟန်းချမ်းသာ။ ကောင်းမြတ်စွာသည်သာလျှင်။ ဟောတိ။ ဖြစ်၏။ ကေန။ အ ဘယ်ဖြင့်။ အဘယ်ကြောင့်။ဘဒြံ။ ရဟန်းချမ်းသာ။ ကောင်း မြတ်စွာသည်။ ဟောတိ။ဖြစ်သနည်း။ ဘိက္ခုနော။ ရဟန်းဖြစ် သောသူသည်။နိဗ္ဗုတော။ ငြိမ်းချမ်းမြသော။ပိဏ္ဍော။ ဆွမ်း ကို။ဘောတ္တဗ္ဗော။သုံးဆောင်စားသောက်ရ၏။တံ။ထိုသို့ဆွမ်း ချမ်းမြ၊ သုံးဆောင်ရသော ရဟန်းကို။ ကောစိ။ တစုံတဝ။ နည်းငယ်မျှသော။ အဘိဇ္ဈာစသောကိလေသာသည်လည်း။န ဥပရောဓတိ။မနှိပ်စက်။တေန။ ထိုမနှိပ်စက်ခြင်းဖြင့်။ဝါ။မနှိပ်

စက်ခြင်းကြောင့်။အနုဂါရသ။ဒိမ်ယာမထောင်။ လူ့ဘောင် ဝွန့်ပစ်။ရဟန်းအဖြစ်သို့ကပ်သော။အဓနသ။ ရွှေငွေရတနာ။ ဥစ္စာမသိမ်း။ ကြောင့်ကြငြိမ်းသော။ဘိက္ခုနော။ ရဟန်းအား။ ဝါ။ရဟန်း၏။ ဘဒြိ။ရဟန်းချမ်းသာ၊ကောင်းမြတ်စွာသည့်သာ လျှင်။ဟောတိ။ဖြစ်၏။

ဤဒွိနိဗ္ဗုတပိဏ္ဍာ။ အနိဗ္ဗုတပိဏ္ဍာဟူ၍နှစ်ပါး၊ ထိုနှစ်ပါးတို့ တွင်။ ပုထုဇ္ဇန်ရဟန်းအား။ တရားနှင့်အညီ။ ဖြစ်စေအပ်သော ပစ္စည်းသော်လည်း။ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်း သည်ကား။ နိဗ္ဗုတပိဏ္ဍာမည်၏။ ဆွမ်းမြည်၏ဟူလို။ ယင်းမှ ပြန်သဖြင့် တရားနှင့်မညီ။ အနေသန မိစ္ဆာဇီဝဖြင့် ဖြစ်သော ပစ္စည်း။တရားနှင့်အညီရသောပစ္စည်းသော်လည်း။ ပစ္စဝေက္ခ ဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည်။ အနိဗ္ဗုတပိဏ္ဍာမည် ၏။ဆွမ်းပူဆွမ်းလောင်ဟူလို။ စင်စစ် ရချနိပ္ပရိယာယအားဖြင့် ကား။ရဟန္တာပုဂ္ဂိုလ်၏ဆွမ်းစသောပစ္စည်းသာလျှင်။ နိဗ္ဗုတ ပိဏ္ဍာမည်၏။ အဘဲ့ကြောင့်နည်း ဟူမူ။ ထို ရဟန္တာ ပုဂ္ဂိုလ် သည်သာ။ ထေယျပရိဘောဂ။ ဣဏပရိဘောဂ။ ဒါယဇ္ဇပရိ ဘောဂ။ သာမိပရိဘောဂဟူ၍။ ပရိဘောဂ လေးပါးတို့တွင်။ သာမိပရိဘောဂ အစွမ်းဖြင့်။ ဘုဉ်းပေးရ၏။ တဏှာကျွန်အ ဖြစ်ကိုလွှန်သော။ သခင်ဖြစ်၍သုံးဆောင်ရ၏။ အနိဗ္ဗုတပိဏ္ဍာ ကိုကား၊ ဗျတိရေက နည်းဖြင့်။ နိဗ္ဗုတပိဏ္ဍာမှပြန်၍ ယူအပ် ၏။ ။နိဗ္ဗုတောတိပုထုဇ္ဇန ဘိက္ခုနောဓမ္မေန သမေနဥပ္ပန္န ပိဏ္ဍောပိပစ္စဝေက္ခိတွာ ပရိဘုဉ္စမာနေ့နိဗ္ဗုတပိဏ္ဍောနာမ။ ဧ ကန္တတောပန ခီဏာသဝဿ ပိဏ္ဍောဝနိဗ္ဗုတပိဏ္ဍောနာမ။ ကိံကာရဏာ။သောဟိထေယျပရိဘောဂေါ။ ဣဏပရိဘော ဂေါ။ဒါယဇ္ဇပရိဘောဂေါ။ သာမိပရိဘောဂေါတိ ဣမေသုစ တူသု ပရိဘောဂေသု သာမိပရိဘောဂ ဝသေန တံဘုဉ္ဇတိ။ တဏှာယ ဒါသဗျံ အတီတောသာမီဟုတွာပရိဘုဉ္ဇတိ။ နတံ

## တပ္ပဋ္ဌယာကောစိ အပ္ပမဏ္ဍောပိကိလေသာ ဥပရောဓတိတိ။ ၎င်းအဋ္ဌကထာ။

### တတိယဂါထာအနက်ပြီးပြီ။

---

၄။ စတုဗ္ဗမှိ။ လေးကြိမ်မြောက်လည်း။ အနဂါရဿ။ သော။အခနဿ။သော။ ဘိက္ခုနော။အား။ဝါ။၏။ ဘဒြ။ သည် သာလျှင်။ ဟောတိ။၏။ ပုစ္ဆာဿ။ မြို့ဦး တိမ်စင်။ ကောင်းကင် တန္တိ။ရာဟုခံတွင်း။ ထွက်လွတ်ကင်းသော။သမင်းမော။ဒါယ ကာအလုပ်အကျေးစသည်တို့၌။ မငြိမတွယ်။ ရဓ္မေ။ ဂါမနိဂုံ။ လုံးစုံများစွာ။ပြည်ရွာဇနပုဒ်။နိုင်ငံတိုက်၌။စရတော။သွားလာ လှည့်လည်သော။အဿ။ထိုရဟန်းအား။သင်္ဂါ။ရာဂသင်္ဂ။ စ သည်လွန်ပြင်း။ငြိတွယ်ခြင်းသည်။။ နဝိဇ္ဇတိ။မရှိ။တေန။ထိုသို့ ရာဂသင်္ဂ။စသည်ညွတ်ကွင်း။ငြိတွယ်ခြင်းမရှိခြင်းဖြင့်။ဝါ။ ထို ရာဂသင်္ဂ။ စသည် တွယ်ငြိ။ မရှိခြင်းကြောင့်။ အန ဂါရဿ။ သော။အခနဿ။သော။ဘိက္ခုနော။ အား။ဝါ။၏။ ဘဒြ။ သည် သာလျှင်။ဟောတိ။၏။

တန္တိပုဟူသည်။ဥပမာဆိုသည်။ ပေါရာဏကထာ။ နိပ္ပရာ ဓ။ဒေါသမဖြင့်။အကြင်သူအား။ ဖြစ်မှားလည်းပြု။ မကောင်းမှု ကား။တန္တိပမော။လေညာရှေးရှု။ လွှင့်သောမြူလျှင်။ တုရူမျက် နှာ။လွှင့်ပြန်သကဲ့သို့။ဟူ၍။ဇာတ်ပေါင်းလက်ာမိန့်။ ။ဂါမနိဂုံ ၌။ နိဂုံကို။ ယခုကာသဋ္ဌဝိသဇ္ဇနီသံနှင့်။ ပြောဆိုကြကုန်သည်။ ရှေး၌ကား။ဝိသဇ္ဇနီမဲ့ပြောဆိုခေါ်ဝေါ်ကြကုန်၏။ ဈေးနှာမစုံ။ မြို့မဟုတ်။နိဂုံအမည်ပေး။ကဝိလက္ခဏာသတ်ပုံ။ ။ဘမင်းတွေ့သံ။ ဦးဖြင့်ခံလျက်။ နိုင်ငံသမိုက်။ဇနပုဒ်ဝယ်။ စလိုက်စသင့်။ ဟူ၍ စပ်ဆိုသည်။သံဝရသက်ဘှင့်အညီ။ဇနပုဒ်ဟူသည်လည်းရှေး ဘတ်ခေါ်ဝေါ်။ ။တိုင်းခြေအုပ်ပိုက်။နိုင်ငံတိုက်နှ။နှင့်လိုက် တံ့ဘိ။မင်းရှိနံ့ထိက။ ကာသ်ရာဇ်လုံ။ ကြို၍ပစ်သို့။ ဇနစ်ရှာ ဘေ့။အဓမ္မမြင်။ ရှင်မျိုစင်၏။ ဟူသောကိုးခန်းလက်ာ သို့

လိုက်သဖြင့်။ နိုင်ငံတိုင်းလုံးကို။ နိုင်ငံတိုက်ဟူသတည်း။ ။

မုဏ္ဍာသ ရဇ္ဇေ စရတောတိ ဥပဇ္ဈာကကုလာဒီသု အလဂ္ဂမာနသဿဆိန္နဝလာဟကဿဝိယ ရာဟုမုခါ ပမုတ္တဝိမလစန္ဒမဏ္ဍလဿဝိယစယဿဂါမနိဂမာဒီသု စရန္တဿရာဇဂဟဿဂ်ါဒီသု ဧကောပိသင်္ဂါနတ္ထိ။အဋ္ဌကထာ။ ။အချုံသောရဟန်းကား။ ဒါယကါတို့၌နှီးနှော။သဘောဆက်ဆံ။ရောပြွမ်းသဖြင့်။ စိုးဘော်ပျော်ဘက်။ တသက်သက်နှင့်နေ၏။ အချုံသောရဟန်းသည်ကား။အမိအဘတို့၌လည်း။အငြိအတွယ်မရှိ။ လွတ်လွတ်စွန့်၍။ ရပ်မျက်နှာတို့သို့။ သွားလာသည့်ပတ်နိုင်၏။ တဦးသောကောရဏ္ဍကရွာကျောင်းနေ မထေရ်ကြီး၏ နှမတော်သား။ တူဖြစ်သောရဟန်းငယ်တည်း။ ထိုရဟန်းငယ်သည်စာပေသင်ခြင်း၌ ရောဟန အရပ်သို့သွားလေ၏။ မထေရ်နှမ ဥပါသိကာမသည်လည်း။ မောင် မထေရ်ကြီးကို။ မိမိသားရဟန်းငယ်အကြောင်းကိုမေး၏။ မောင်မထေရ် ကြီးကလည်း။ တနေ့သ၌ ခေါ်၍လာမည်ဟုပြောဆို၍။ရောဟနဇနပုဒ်သို့သွားလေ၏။တူရဟန်းငယ်ကလည်း။ငါကားဤ၌ကြာမြင့်ပြီ။ ဥပဇ္ဈာယ်ကိုဖူးမြင်။မိခင်ဘခင်ဥပါသိကာမတို့၏ ချမ်းသာကြောင်းကိုသိရ၍။ လာပြန်အံ့ဟု။ရောဟနဇနပုဒ်မှလာခဲ့ရာ။ ဆရာဘပည့်တူဦးရီးနှစ်ပါးတို့။ ဂင်္ဂါကမ်းနားတွင် တွေ့ဆုံ။ အကြောင်းအခြင်းကိုပြောကုန်သဖြင့်။ သင့်အမိက။အခါခပ်သိမ်းမေး၍။ ငါလာခဲ့ရသည်။သင်ကား။ သင့်အမိထံသွားလေတော့။ ငါမူဤအရပ်၌။ဝါကပ်နေမည်ဆို၍၊လွှတ်လိုက်လေ၏။ရဟန်းငယ်လည်း။ ဝါကပ်အံ့သောနေ့၌ပင်။ ထိုကျောင်းသို့ရောက်သဖြင့်။ အဘဆောက်လုပ်သော ကျောင်း၌ ပင်ဝါကပ်နေလေ၏။ အဘဥပါသကာလည်း။ဝါကပ်ပြီးနေ့၊နှစ်ရက်မြောက်လာ၍။ သားမှန်းမသိ။အာဂန္တုအမှတ်ဖြင့်။အရှင်ဘုရားကျွန်ုပ်တို့ကျောင်း၌ဝါကပ်သောရဟန်းသည်။ဝါတွင်းသုံးလပတ်လုံး။ အကျွန်ုပ်တို့အိမ်မှာဆွမ်းခံ၍။ဝါကျွတ်၍ ကြွသောအခါ။ ပန်ကြားအပ်သော ဝတ်ရှိ၏ဟု

လျှော်သော်။ ရဟာန်းငယ် ကလည်း။ တုဏှိဘာဝဖြင့် သည်းခံ
၏။ အမိဥပါသိကာမကြီးလည်းဝါတွင်းသုံးလပတ်လုံး ကောင်း
မွန် ရှိသေစွာလုပ်ကျွေး၏။ သားအဖြစ်ကို မသိ။ ဝါကျွတ်သော်
သွားအံ့ဟုပန်ကြား၏။ ဆွေမျိုးတို့သည်။ နှစ်ရက်မြောက်နေ့၌။
အိမ်သို့ပင့်ဆောင်ဆွမ်းလုပ်ကျွေးပြီးမှ။ သိကျည်ကိုပြည့်စေ၍။
တင်လဲတခဲ။ ကိုးတောင်သောသက်နိုးလျာတို့ကို လှူဒါန်းခံယူ။
ရောဟာနဇနပုဒ်သို့ ဈေးရှုသွားသေ၏။ ဥပဇ္ဈာယ်ဦးရိုး မထေရ်
ကြီးလည်း။ကြွခဲ့ရာ။ ဈေးတွေ့ရာအရပ်၌ ်င်။ တွေ့မြင်ကြပြန်သ
ဖြင့်။အကြောင်းခြင်းရာကို။ မေးမြန်းလျှောက်ထားထိုသိဖြင့်ပင်။
မထေရ်ကြီးခြေကို လိမ်းနယ် ။ထိုတင်လဲဖြင့်အဖျော်ပြု၍။ ထို
ကိုးတောင်ရှိသောသက်နိုးလျာကိုကပ်လှူရှိခိုး။ ရောဟာနဇနပုဒ်
သို့ပင်သွားလေ၏။ မထေရ်ကြီးသည်း။ ကျောင်းသို့လာရောက်
နှစ်ရက်မြောက်၌။ကောရဏ္ဍကရွာသို့ဝင်လေ၏။ နှမဥပါသိကာ
မသည်း။ငါ၏မောင်ကြီးသည်။ငါ့သားကိုခေါ်ယူကြွလာလတ့ံဟု
အခါမပြတ်။မြော်ငံ့လျက်နေသည်နှင့်။တပါးထည်းသာ။ မထေရ်
လာသည်ကိုမြင်၍။ငါ့သားသည်ကားသေသည်ဖြစ်၍။ငါ့မောင်
တပါးထည်းသာလာသည့်အမှတ်နှင့်။ ခြေရင်းတွင်လူးလည်းငို
ကြွေး၏။ မောင်မထေရ်ကြီးက။ အလိုနည်းစွာ။ အပ္ပိစ္ဆတာအ
ကျင့် သဘော ရှိသောကြောင့်။ မိမိကိုယ်ကိုမသိစေဘဲ။ သွား
သည်ဖြစ်ရာ၏ဟု။ နှမကိုဖြောင်းဖြနှစ်သိမ့်စေ၍။ အလုံးစုံအ
ကြောင်းအချင်းပြောကြား။သပိတ်အိတ်မှ။ကိုးတောင်ရှိသက်နိုး
လျာကိုထုတ်ပြလျှင်။ ဥပါသိကာမသည်။ကြည်ညိုလှစွာ၊ သား
ရှိရာဟု၊ မျက်နှာ ရှေ့ထား။ ရင်ဖြင့် ဝပ်တွား၍။ ငါ့သားနှင့်တူ
သောရဟာန်းကို။ကိုယ်သက်သေပြု၍။ရှင်စောဘုရားသည်ရထ
ဝိနီတအကျင့်။ နာဠကအကျင့်။ တုဝဋကအကျင့်။ စတုပစ္စယ
သန္တောသဘာဝနာရာမအဖြစ်ကိုပြသော။ မဟာအရိယဝံသအ
ကျင့်တို့ကို ဟောတော်မူ၏။ မွေးသည့်မိခင်။ အိမ်တွင် ပါလုံး။
သုံးလဆုံးအောင်။ဘဉ်းပေးဆွမ်းစား။နေလှည့်ပြားလျက်။ငါကား

သင့်သား။သင်ကားငါ့မိ။စိုးတစိမ့်။ ဿိရရုံပင်မပြော်လေ။အံ့ဩ ဘွယ်လှုပါပေဟု။ ချီးမွမ်းရိုကြိုး။ရှိခိုးဝန္ဒနာပြု၏။ ထိုသို့သဘော ရှိသော။အမိအဘတို့၌လည်း။ ကပ်ငြိခြင်းကင်းသော။ ပုထုဇ္ဇဉ် ရဟန်းအားလည်း။သမဏဘဒြဖြစ်သလျှင်ကတည်း။၍ရဟန်း ၏ဝတ္ထုအကျယ်သည်။ ဝိသုဒ္ဓိမဂ်၌လာ၏။ ။ဧကစ္စောဟိကု လေသုံသမ္ဘော ဝိဟာရတိသဟသောကီသဟနန္ဒီ။ ဧကစ္စော မာတာပိတူသုပိအလဂ္ဂမာနသောဝိစရတိ။ဧကောနဂရဂါမဝါ သီဧဟာရောဝိယ ဧဝရူပသပုထုဇ္ဇနသပိဘဒြမေဝ။ ၎င်းအဋ္ဌ ကထာ။

စတုတ္ထဂါထာအနက်ပြီးပြီ။

---

၅။ ပဉ္စမမို့။ငါ့ကြိမ်မြောက်လည်း။အနုဂါရသဿ။ သော။ အဓနသဿ။သော။ဘိက္ခုနော။အား။ဝါ။၏။ဘဒြံ။ သည်သာလျှင်။ ဟောတိ။၏။ကေန။ဖြင့်။ဝါ။ကြောင့်။ဘဒြံ။သည်။ဟောတိ။နည်း။ နဂရမှိ။မြို့ရွာကို။ဍယှမာနမှိ။မီးကျီးပြောင်ပြောင်။လောင်ခဲ့သည် ရှိသော်။ အဿ။ ထိုရဟန်းဖြစ်သောသူ၏။ ကိဉ္စိ။ တစုံတရာ။ ဘယ်ဥစ္စာကိုလည်း။နဍယှတ။ မလောင်။တေန။ထိုသို့မြို့ရွာ။မီး လောင်ရာ၌။ဥစ္စာပဲတန်။လောင်ရန်မရှိခြင်းဖြင့်။ဝါ။ လောင်ရန်မ ရှိခြင်းကြောင့်။အနုဂါရဿ။သော။အဓနဿ။သော။ဘိက္ခုနော။ အား။ဝါ။၏။ဘဒြံ။သည်သာလျှင်။ဟောတိ။၏။

ပရိက္ခာရဘဏ္ဍာခမ်းနား။ဥစ္စာများသောရဟန်းသည်။ ငါ၏ ဥစ္စာတို့ကို။ခိုးသူတို့မယူပါစေကုန်လင့်ဟု။သင်္ကန်းစသည်တို့ကို မြို့တွင်းရွာဘွင်း။ ဒါယကာရင်း အလုပ်အကျွေးတို့အိမ်၌။ အပ် နှံထား၏။ထိုသို့ထားသည်ရှိသော်။ထိုမြို့ရွာထိုအရပ်။ထိုအမျိုး အိမ်ကို။ မီးလောင်၏ဟု ကြားက စိုးရိမ်ပင်ပန်းရ၏။ ဤသို့ ပ ရိက္ခာရ။ ဘဏ္ဍာခမ်းနား။ ဥစ္စာများသောရဟန်းအား။ သမဏ ဘဒြမည်သည်မရှိ။ဝမ်းဖြင့်သာလွယ်ဆောင်၍။အတောင်သာ

ဝန်ရှိသောငှက်တို့၏ဝတ်အကျင့်။ကိုယ်နှင့်စပ်သော။ပရိက္ခရာ ရှစ်ပါးမျှသာ။ဥစ္စာရှိသောရဟန်းအားကား။ တစုံတရာ။ဘယ် ဥစ္စါမျှ။လောင်စာမဖြစ်။မီးမချစ်သော်ကြောင့်။သမဏဘဒြဖြစ် သချင်ကတည်းဟူလို။ ။နသဿကိဉ္စိတိယောပဟ်ဗဟုပရိက္ခာ ရေဟောတိ။ သောမာမေမေစောရေ ဟရိံသုတိအဓိကာနိစိဝ ရာဒီနိအန္တောနဂရေဥပဋ္ဌာကကုလေနိက္ခိပတိ။ အထနဂရမှိ ခုယှမာနေအသုကကုလေနာမ အဂ္ဂိဥပ္ပန္နံ တာတိသုတွာသော စတိ။ကိံသမတိ။ဝေချပသဿဘဒြိနံ့ာမနုတ္တိ။ယောပနမဟာရာဇ သကုဏာ ဝတ္တံ ပူရေတိ။ ကာယဗဒ္ဓ ပရိက္ခာ ရေဝ ဟောတိ။ တဿမာဒိသဿနကိဉ္စိအခုယှထ။ တေနသပဉ္စမင်္ဂဘဒြမေ ဝ။ရင်းအဋ္ဌကထာ။

ပဉ္စမဂါထာအနက်ပြီးပြီ။

---

၆။ ဆဋ္ဌမှို။ခြောက်ကြိမ်မြောက်လည်း။ အနဂါရဿ။သော။ အခနဿ။သော။ဘိက္ခုနော။အား။ဝါ။၏။ဘဒြ။သည်သာလျှင်။ ဟောတိ။၏၊ကေန။ဖြင့်။ဝါ၊ကြောင့်။ဘဒြ။သည်။ ဟောတိ။သ နည်း။ရဋ္ဌေ။နိုင်ငံပတ်ကုံး။ တိုင်းအလုံးကို။ ဝိလုပ္ပမာနမှိ။ မော သောတည့်။ ထားပြ ခိုးသား။ ဟုတ်စား လုယက်။ တိုက်ဖျက် ဆောင်ယူအပ်သော်သည်။အသော။ ထိုရွှေငွေရတနာ။ ဥစ္စာမ သိမ်း။ကြောင့်ကြငြိမ်းသောရဟန်း၏။ကိဉ္စိ။ တစုံတရာ။ ဘယ် ဥစ္စာကိုမျှ။နအပဟိရထ။ထားပြခိုးသူ။မ ဆောင်ယူ။တေန။ထိုသို့ နိုင်ငံပတ်ကုံး။တိုင်းလုံးတိုက်ဖျက်။ခိုးသူပျက်တို့။ လုယက်လေ ခါ။ဘယ်ဥစ္စာမျှ။ထားပြခိုးသူ။မယူမဆောင်ခြင်းဖြင့်။ဝါ။ မယူ မဆောင်ခြင်းကြောင့်။ အနဂါရဿ။သော။ အခနဿ။သော။ ဘိက္ခုနော။အား။ဝါ။၏။ဘဒြ။သည်သာလျှင်။ဟောတိ။၏၊

မောသောဟူသည်။တက္ကရဟူသည်။ခိုးသူဆိုလိုသည်။ဟုတ် စားဟူသည်ကား။ထားပြဆိုလိုသည်။ လုယက်လျှပ်စားသည် လည်းဟူ၏။ပေါရာဏကထာ။ ။ပြင်းထန်သူလော။မောသော

ခိုးသူ။ပုန်တောင်နိုင်မော်ကွန်း။ ။သူလောင်းတ နှဲ့။ဆင်ထိန်းစ
သား။ယက္ခအလား။သူကြမ်းများတွင်၊ ဇခန်း။ ။သူလောင်ဟူ
သည့်လည်းခိုးသူပင်။ကြပ်ကြပ်လည်းနှောင်။တပ်တွင်းဖျောင်
သည်။သူလောင်ခိုးသား။ဟင်းမျိုးစားကို။ဘုံခန်း။ ။ညည္ဘြဌက်
တအုပ်။ ပြင်းဟုတ်မဝံ့။ သိံဝရလက်ာ။ ။ဓမ္မသတ်များ၌သူ
ခိုးဟုတ်စားသော်၊ ကျွန်လျှော်စေဟူသည့်လည်း။ ထားပြလု
ယက်သော်ဆိုလိုသည်။ ။ထားပြခိုးသူတို့၊တိုင်းနိုင်ငံ။မြို့ရွာ
ဇနပိုဒ်ကို။ တိုက်ခိုက်လုယက်သည့်ရှိသော်၊ ဘဏ္ဍာခမ်းနား။
ဥစ္စာများသောရဟန်း၏။မြို့တွင်းရွာတွင်း။ အပ်နှင်းထားရာ။ထို
ဥစ္စါကိုလုယက်ဆောင်ယူသကဲ့သို့။ကိုယ်နှင့်စပ်ကါ။ပရိက္ခရာ
ရှစ်ပါးမျှသာရှိသော ရဟန်း၏။ တစုံတရာ။ ဘယ်ဥစ္စာကိုမျှ။
ထားပြခိုးသူ။မယူမဆောင်ရ။ထိုကြောင့်၊ထိုရဟန်းအား။သမ
ဏဘဒြဖြစ်သည်သာဟူလို။ ။ဝိလုပ္ပမာနမ္ပိတိဝိလုပ္ပမာနမ္ပိ။အ
ယမေဝဝါပါဌော။ အဟိရထာတိ ယထာပဗ္ဗတဂဟနာဒီဟိ
နိက္ခမိတွာ ရဋ္ဌံဝိလုပ္ပမာနေသု စောရေသု ဇဟုပရိက္ခာရေသ
အဥ္ဆော်ဂမေထပိတံဝိလုပ္ပတိအာဟရတိ။တထာတဿအဓ
နဿ ကာယပဋိဗဒ္ဓ ပရိက္ခာရဿ နကိဉ္စိ အဟိရထ။ တဿ
သဥ္မွိဘဒြမေဝ။အဥ္မကထာ။

ဆဥ္မဂါထာအနက်ပြီးပြီ။

---

၇။ သပ္ပုံမမ္ပိ။ခုနစ်ကြိမ်မြောက်လည်း။အနဂါရဿ၊သော။
အဓနဿ။သော။ဘိက္ခု နော။အား။ဝါ။၏။ဘဒြံ။သည်သာလျှင်။
ဟောတိ၊၏။ကေန။ဖြင့်။ဝါကြောင့်။ဘဒြံ။သည်သာ။ဟောတိ။
သနည်း။စောရေဟိ။ထားပြခိုးသားတို့သည်။ရက္ခိတံ၊ပိတ်ဆို့
စောင့်နေသော။ မဂ္ဂဥ္ဆ။ လမ်းခရီးသို့ရင်း။ အညေ။ တပါးကုန်
သော။ ပရိပန္တကာ။ ကင်းသင်းကျတို့။ ခွန်ဘို့ယူလို။ ထိုထိုသို့
သောအရပ်၌။ စောင့်ကြပ်တည်နေကုန်သော။ ယေစ။အကြင်

ကင်းစောင့်ကင်းသား။ကင်းသမားတို့သည်လည်း။ဟောန္တိ။ရှိ
သည်ဖြစ်ကုန်၏။တေဟိ။ကိုကင်းစောင့်ကင်းသား။ကင်းသမား
တို့သည်။ရက္ခိတံ။ ဆိုပိတ်စောင့်နေသော။မဂ္ဂံ။ လမ်းခရီးသို့
ဝင်း။သုဗ္ဗတာ။ သက်မွေးပေါ့စွာ။ ဥစ္စာမသိမ်း။ ကြောင့်ကြငြိမ်း
သဖြင့်။ကောင်းသောအကျင့်ရှိကုန်သော။ရဟန်းတို့သည်။ ပတ္တ
စီဝရံ။သက်နံးသပိတ်။ပရိက္ခရာ။ ကိုယ်မှာစပ်ထ။ရှစ်ပါးမျှကို။
အာဒါယ၊ ကိုယ်ဖြင့် လွယ်ကူ။ ဆောင်ယူ ကုန်သည် ဖြစ်၍။
သောတ္ထိံ။ ချမ်းသာစွာ။ ဂစ္ဆန္တိ။ ကင်းကူတို့ခ။ မပေးရဘဲ။
ကြောင့်ကြမဲ့သွာ ရကုန်၏။ တေန။ထိုသို့ကင်းသင်းခိုးသူ။ မယူ
မသိမ်း။ ခရီး လိုရာ။ ချမ်းသာစွာ သွားရခြင်းဖြင့်။ သွားရခြင်း
ကြောင့်။အနုဂါရသ။သော။ အခနေသ။ သော။ ဘိက္ခုနော။
အာ။ဝါ။၏။ဘဒြ။သည်သာလျှင်။ဟောတိ။၏။

ကင်းသင်းခိုးသူတို့။ စောင့်ရှောက်တည်နေသောလမ်းသို့
သည်း။ခိုးသားထားပြတို့အား။ ကျေးဇူးမရှိ။ ကင်းစောင့်လူတို့
အား။ကင်းခွန်မထိုက်သော၊ မြေသပိတ်မြဲမြံစွာ ပြုအပ်သော
ပြင်ထပ်ရှိသော။ ပံသုကူသက်နံး။ အတိုး အနည်းငယ် ထိုက်
သော။ခါးပန်း။ရေစစ်။အပ်။ပဲခွပ်ထားငယ်။ဤ ရိက္ခရ ရှစ်ပါး
တို့ကို။ ကိုယ်၌ဖွဲ့ကာ။ ခရီးတပါးသွားသည်ရှိသော်။ ဟစုတ
ယောက်မျှ။မနှိပ်မစက်။ချမ်းသာစွာသွားရ၏။ဟုလိုသော။

ယေစသဒ္ဓေ ရိပက္ခကာတိ ယေစအသဒ္ဓေပိ တေ တသု တေ တသုဋ္ဌာနေ
သုသုက်ဂဟာဏတ္ထာယ ထပိတ ပက္ခကာ။ တေဟိ စရက္ခိတံ ပတ္တ
စီဝရံ စောရာ န အနုပကာရံ သုက်ကါရကာနံ အသုက်ာရ မတ္တ
ကာ စေဝ ကတဒ္ဒိကမ္မံပဇ္ဇာဘာဇနံ ပံသုကူလစီဝရံ အပ္ပဂ္ဃာ န
ကာယဗန္ဓ ပရိသာ ဝန သုစိဝါသ် သပ္ပကာ နီစာ တံ သဖ္ဖ ပိ အ
ပရိက္ခာ ရကာယ ဒိုဗ ဒ္ဓက တွာ။ မဂ္ဂ ဒိုပ္ပန္နော ကေန စိ အဝိ
ဟာဓိယ မာ သော သောတ္ထိံ ဂစ္ဆတိ သုဗ္ဗတာ တိ လေ ာဘ နိ ယာ နိ
တိစီဝရာဒီနိ ဒိသွာ စောရာ ဟရန္တိ။ သက်ဝကာပိ ကိ ံနခေါ
တသဟာဖြူ ဟ ထဝိကာ ဒီနိ သော ခေနတ္တိ။ သုဗ္ဗတော ပန

သလ္လဟုကဝုတ္တိတောသံ ပဿန္တာနဉ္စေဝသောတ္ထိံ ဂစ္ဆတိ။ တေနသော သတ္တမမ္ဗိဘဒြမေဝ။ အဋ္ဌကထာ။

သတ္တမဂါထာအနက်ပြီးပြီ။

---

၈။ အဋ္ဌမမ္ဗိ။ ရှစ်ကြိမ်မြောက်လည်း။ အနဂါရဿ။ အိမ်ယာမထောင်။ လူ့ဘောင်စွန့်ပစ်။ ရဟန်းအဖြစ်သို့ကပ်သော။ အဓနဿ။ ရွှေငွေရတနာ။ ဥစ္စာမသိမ်း။ ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော။ ရဟန်းအား။ ပါ။ ရဟန်း၏။ ဘဒြံ။ ရဟန်းချမ်းသာ။ ကောင်းမြတ်စွာသည့် သာသျှင်။ ဟောတိ။ ဖြစ်၏။ ကေန။ အဘယ်ဖြင့်။ ပါ။ အဘယ်ကြောင့်။ ဘဒြံ။ ရဟန်းချမ်းသာ။ ကောင်းမြတ်စွာသည့် သာသျှင်။ ဟောတိ။ ဖြစ်သနည်း။ ဘိက္ခု။ ရဟန်းသည်။ ယံယံဒိသံ။ အကြင်အကြင်၊ လေးခွင်ရှစ်ဖြာ။ ရပ်မျက်နှာသို့။ ပက္ကမတိ။ သွားလို၏။ တံတံဒိသံ။ ထိုထိုလိုရာ။ ရပ်မျက်နှာသို့။ အနပေက္ခောဝ။ ငဲ့ခြင်းကွက်ခြင်း။ ငြိတွယ်ကင်းသည်ဖြစ်၍သာလျှင်၊ ဂစ္ဆတိ၊ သွားခဲ့၏။ တေန။ ထိုအလိုရှိရာ၊ ရပ်မျက်နှာသို့။ တွယ်တာမဲ့သျှင်း။ ငဲ့ကွက်ကင်း၍။ ပါ။ သွားရခြင်းကြောင့်။ အနဂါရဿ။ အိမ်ယာမထောင်။ လူ့ဘောင်စွန့်ပစ်ရဟန်းအဖြစ်သို့ကပ်သော၊ အဓနဿ။ ရွှေငွေရတနာ။ ဥစ္စာမသိမ်း။ ကြောင့်ကြငြိမ်းသော။ ဘိက္ခုနော၊ ရဟန်းအား။ ပါ။ ရဟန်း၏။ ဘဒြံ။ ရဟန်းချမ်းသာ။ ကောင်းမြတ်စွာသည့်သာသျှင်။ ဟောတိ၊ ဖြစ်၏။

ကိုယ်၌ စပ်သော။ ပရိက္ခရာ ရှစ်ပါးသက်။ အပို အလွန်။ ကျောင်းတွင်သိုမှီး။ သိမ်းဆည်း၍ထားသော။ တစုံတရာ။ ဥစ္စာခမ်းနားမရှိသောအားဖြင့်။ အရပ်တပါး။ ကြွသွားသတ်သော်။ နေရာကိုတဘန်ပြန်၍လှန်အောက်မေ့။ မြော်ကြည့်ငဲ့ကွက်မရှိ။ အလိုရှိရာ။ မျက်နှာရည်ရှူ။ ခရီးလှည့်ရာ။ သွားနိုင်စွာ၏၊ အနုရာဓမြို့မှထွက်၍၊ ထူပါရုံတိုက်၌။ ရဟန်းပြုကုန်သော။ အမျိုးသား နှစ်ပါးတို့တွင်။ အကြီးဖြစ်သောရဟန်း ကဲ့သို့တည်း။ ဝတ္ထုကား။ အမျိုးသားနှစ်ဦးတို့သည်။ အနုရာဓမြို့မှထွက်၍။ ထူပါရုံ

ငကျောင်းတိုက်၌။ရဟန်းပြုကြကုန်၏။တယောက်သောရဟန်း
သည်၊နွေမာတိကါတို့ကိုလေ့ကျက်၍။ငါးဝါရလျှင်။ပဝါရဏာ
ပြုခဲ့ပြီးမှ။ အရှေ့ခဏ္ဍာရာဇ်မည်သောအရပ်သို့ သွားလေ၏။တ
ယောံမှုကား။ ထိုထူပါရုံတိုက်ကြီး၌ပင်နေ၏။ပါစိနခဏ္ဍာရာဇ်
အရပ်သို့သွါးသေါရဟန်းသည်။ထိုအရပ်၌၊ကြာရှည်လေးမြင့်
နေ၍။သိတင်းကြီးဖြစ်၍၊ဤအရပ်ကား။ကိန်းဝပ်ခြင်းငှါလျော်
ပတ်၏။ယခုငါ့အဆွေရဟန်းအားလည်းကြားချေအံ့ဟုကြံစည်
ထွက်လာ၊ ထူပါရုံကျောင်းတိုက်သို့ရောက်၊ တွေ့မြင်ဆီးကြို
သပိတ်သင်္ကန်းကို ယူခ်းယူဝတ်ပြု၍။ အာဂန္တုကမထေရ်က။
ကျောင်းသို့ဝင်၍။ ယခုငါ့အဆွေသည်။ ဆေးပတ်တင်လဲ။အ
ဖျော်ယာဂုကာယတို့ကို။ပို့လာလိမ့်သတည်း။ဤငါ့အဆွေကား။
ဤအနုရာဓမြို့၌။ အနေကြာလှပြီဟုကြံ၍နေ၏၊ ထိုအာဂန္တုကမ
ထေရ်က၊ တည၌လုံးနေ၍မရလျှင်။နံနက်အခါ၌။ ယခုဥလုပ်
အကျွေးဒါယကာတို့ပို့အပ်သည်ဖြစ်၍။ယာဂုခဲဘွယ်ကို။ပို့လာ
လိမ့်မည်ဟုကြံ၍နေပြန်၏။ ထိုယာဂုခဲဘွယ်ကိုလည်းမမြင်လျှင်။
ပို့သာသောသူမရှိ။ဝင်မှလှူလိမ့်သတည်းဟုကြံပြန်၍။နံက်အခါ
ထိုအာဝါသိကမထေရ်နှင့်အတူတကွ။ ရွာတွင်းသို့ဝင်လေ၏။
ထိုမထေရ်နှစ်ပါးတို့သည်။ တလမ်းတည်း အတူတူဆွမ်းခံ၍။
တမှုတ်လောက်သာယာဂုကိုရ၍။နေရာတင်းကုပ်၌ထိုင်နေပြီး၍သော
ကြာကုန်၏။ထိုနောက်အာဂန္တုကမထေရ်က။အမြဲဝတ်ပြုသော
ယာဂုမှုကား၊မရှိဆွမ်းခံသောအခါ၌သာ။ဒါယကာလူတို့သည်။
ပဏီတဘတ်။ ကောင်းမြတ်စွာသောဆွမ်းကိုလှူကုန်လတ့်ဟု
ကြံစည်အောံမေ့၍။ဆွမ်းခံချိန်အခါရောက်သော်။ဆွမ်းခံသွား
၍။ရသမျှအာဟာရကိုသာ။သုံးဆောင်ဘုဉ်းပေးပြီးမှ၊အာဂန္တု
ကမထေရ်က။အရှင်အခါခပ်သိမ်း။သည့်နှယ်ချည်းပင်။မျှတရ
သလောဟုမေးဆိုသော်။သို့ချည်းပင်မျှတရ၏ဟုပြောသဖြင့်။
အရှင်ဘုရားပါစိနခဏ္ဍာရာဇ်အရပ်သည်။ သင့်မြတ်ချမ်းသာ၏။
ထိုပါစိနခဏ္ဍာရာဇ်အရပ်သို့သွားကြကုန်အံ့ဟုဆိုလျှင်။ အာဝါ

သိက မထေရ်က။ မြို့မှတောင်တံခါးသို့ထွက်၍။ အိုးထိန်းရွာလမ်း။တမ်းတမ်းရှေရှုသွားလေ၏။ အာဂန္တုရဟန်းကမြင်လျှင်။ အရှင်ဘုရား။အဘယ်သို့။ဤအိုးထိန်းရွာလမ်း။တမ်းတမ်းဖြောင့်မှန်စွာမပြန်ဘဲကြွသနည်းဟုမေးသော်။ ငါ့ရှင်က။ပါစိနခဏ္ဍရာဇိအရပ်၏။ လျော်ပတ်ချမ်းသာသောဂုဏ်ကိုဆိုသည်မဟုတ်ပါလော့ဟုလျှင်။အရှင်ဘုရားအသို့နည်း။ သို့စင်ကလောက်။အရှည့်အကြာ။နေရာအရပ်၌။တစုံတခု။ အတိရေကပရိက္ခရာမျှ။မရှိပါသလောဟု။မေးပြန်၏။ ဟုတ်၏ငါ့ရှင်မရှိပေ။ သံဃိကညောင်စောင်း အင်းပျဉ်များကိုလည်း။ သိမ်း၍ သိမ်းထား ခဲ့ပြီးသည့်မှတပါး။တစုံတခုသောဥစ္စာမည်သည်မရှိပြီဟုဆိုသဖြင့်အရှင်ဘုရား။ အကျွန်ုပ်မှာ။တောင်းဝှေး။ ဆီကျည်။ဘိနပ်အိတ်တို့သည်။ထိုအရပ်အိပ်ခဲ့သောကျောင်း၌။ ရှိရစ်ပါသေးသည်ဟုပြောလျှင်။ငါ့ရှင်သင်မူကား။ တနေ့မျှနေရုံဖြင့်။ သို့ကလော်ဥစ္စာများကို။ထားရပြီလောဟုဆို၏။ထိုအာဂန္တုကမထေရ်က။ကြည်ညိုလှသည်ဖြစ်၍။ အာဝါသိကမထေရ်ကိုရှိခိုး၍။ အရှင်ဘုရားအရှင်နှင့်တူသောရဟန်းတို့အား။ အလုံးစုံနေလေရာအရပ်တို့၌။တောနေမည်သည်သာဖြစ်ရာ၏။ဤထုပါရုံတိုက်တော်ကြီးသည်။ဘုရားလေးဆူတို့ဓာတ်တော်ဌာပနာရာတည်း။လောဟပါသာဒပြာသါဒ်၌။လျော်ပတ်သောဓမ္မသဝနကိုရ၏။မဟာစေတီကြီးက ဖူးမြင်ခြင်းလည်းရ၏။ ဘုရားလက်ထက်တော်နှင့်အတူဖြစ်၏။အရှင်မြတ်တို့မှာ။ဤအရပ်၌သာ။နေတော်မူပါကုန်ဟုလျှော်ဆို၍။ နှစ်ရက်မြောက်နေ့၌မိမိနေရာ။ပါစိနခဏ္ဍရာဇိအရပ်သို့သာလျှင်။ပြန်သွားလေ၏။ဤအာဝါသိကမထေရ်ကြီးနှင့်အတူ။ကိုယ်နှင့်စပ်သောပရိက္ခရာထက်လွန်၍။တစုံတရာ။ဥစ္စာမရှိသောရဟန်းအား။အလိုရှိရာ။မျက်နှာရည်ရူ။ ခြေဦးလှည့်တိုင်း။ မဆိုင်းမညှာ။မတာမငဲ့။ အနုပေက္ခပြု၍သွားနိုင်၏။ထိုသို့သောရဟန်းအား။ သမဏဘဒြဖြစ်သည်သာတည်းဟုလို။ ။ဤဝတ္ထုအကျယ်ကား။ ဝိဟာရဋ္ဌိမဂ်၌လာ၏။ ။အန

ပမေဟ္ဘာဝဂန္တုတိတိကာယပဋိဗဒ္ဓတောအတိရေကသဝိဟာ ရေပတိ သာမိတသ ကာသ စိပရိက္ခာရသ အဘာဝါဝသ နမ္ဘာနံ နိဝတ္တောတွာနဩလောကေတိ။ ယံဒိသံဂန္တုကာ မော ဟောတိ။ တံဂန္တုန္တောအနုပက္ကောဝဂန္တုတိ။ အနုရာဓပုရာနိက္ခ မိတွာ ထူပါရာမေ ပဗ္ဗဇိတာနံဒွိန္နံ ကုလပုတ္တာနံ ဝုနတရောဝိ ယ။ရင်းအဋ္ဌကထာ။

အဋ္ဌမဂါထာအနက်ပြီးပြီ။

---

သဋ္ဌကနိပါတ်။သောဏကဇာတ်။သမဏဘာဒြကထာ
ဂါထာအနက်ပြီးပြီ။